



# တောပါးစပ်

ဂျက်ကွမ်းခြံကုန်း

mgyoe.com



ထုတ်ဝေသူ
ဒေါ်တင်တင်အေး၊ ရွှေပိုမိုးစာပေ၊
၃၃-ဗေဒါ၊ မြေညီထပ်၊ ၄လမ်း၊ ၁ ရပ်ကွက်၊ လမ်းမတော်
ပုံနှိပ်သူ
ဦးဝင်းဦး၊ အက်ဒ်ကောမ်ပ်ပရက်စ်၊
၆၇၊ ၁၆၄ လမ်း၊ တာမွေ၊
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်
အောင်ပိုကျယ်
ဖြန့်ချိရေး - ပိတောက်ချိုချိုစာပေ
၂၀၁၄၊ ဇွန်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၂၀၀ ကျပ်

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ➤ တောပါးစပ်နှင့် ပတ်သက်၍ | | ၁ |
| ၁။ စုံနံ့သာမြိုင် ကွန်စတီကျူးရှင်း | 19 May 2013 | ၃ |
| ၂။ စုံနံ့သာမြိုင်မှာ ပီအာတော့မလို့လား | 30 Jun 2013 | ၇ |
| ၃။ ငါမကောင်း ငါ့အကြောင်းရေးနှင့် စုံနံ့သာမြိုင်နေ့စဉ် | 14 July 2013 | ၁၃ |
| ၄။ စုံနံ့သာမြိုင်မှာ ရယ်စရာ မတွေ့သေးဘူးလား | 28 July 2013 | ၁၈ |
| ၅။ ယုန်မျက်နှာနဲ့ မြေခွေးအသည်း | 4 Aug 2013 | ၂၄ |
| ၆။ စုံနံ့သာမြိုင်က သက်သတ်လွတ်ပွဲတော် | 11 Aug 2013 | ၃၀ |
| ၇။ စီးကရက်ခဲထားတဲ့ စုံနံ့သာမြိုင် | 18 Aug 2013 | ၃၆ |
| ၈။ သေချင်တဲ့တိရစ္ဆာန် မြို့ကိုပြောင်း | 25 Aug 2013 | ၄၂ |
| ၉။ ဟစ်စထွိထဲမှာ မြေခွေးကိုထားရစ်ခဲ့ | 1 Sept 2013 | ၄၇ |
| ၁၀။ တောပါးစပ်နဲ့ ထောပတ် တွေ့ကြလေသောအခါ | 8 Sept 2013 | ၅၃ |
| ၁၁။ အစက မျိုဖို့မဟုတ်ဘူး | 15 Sept 2013 | ၅၉ |
| ၁၂။ ဘယ်သူ့အကြွေးကိုမှမဆပ်ဘဲမထားဘူး | 22 Sept 2013 | ၆၄ |
| ၁၃။ အပိုင်ကြဲတဲ့မြိုင်ယံ | 29 Sept 2013 | ၇၀ |
| ၁၄။ ငါးရာ့ငါးဆယ်ရဲ့ အဘလာလည်း ဆောရီးပဲ | 6 Oct 2013 | ၇၆ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၅။ တောမှာခင်းတဲ့လမ်း | 13 Oct 2013 | ၈၁ |
| ၁၆။ ဆိုင်းဘုတ်တောမြိုင်ကြီးရဲ့အလယ်မှာ | 20 Oct 2013 | ၈၆ |
| ၁၇။ စုံနံ့သာမြိုင်ကို ချဉ်းကပ်မိကြခြင်း | 27 Oct 2013 | ၉၁ |
| ၁၈။ စုံနံ့သာမြိုင်က အိတ်စ်စပိုင်းယား | 3 Nov 2013 | ၉၈ |
| ၁၉။ တိရစ္ဆာန်တို့အတွက် စာမျက်နှာများ | 10 Nov 2013 | ၁၀၄ |
| ၂၀။ စုံနံ့သာမြိုင်က အလုပ်ကြီးအကိုင်ကြီး စာမျက်နှာများ | 17 Nov 2013 | ၁၁၀ |
| ၂၁။ တစ်တောလုံးဆုရတဲ့ အနုအလှ စုံနံ့သာမြိုင် | 24 Nov 2013 | ၁၁၅ |
| ၂၂။ သတ္တဝါအနုစ္ဆ မော်တော်ကားအနုစ္ဆ | 1 Dec 2013 | ၁၂၂ |
| ၂၃။ လျှော့မတွက်နဲ့ သမိုင်းဝင် | 8 Dec 2013 | ၁၂၈ |
| ၂၄။ စုံနံ့သာမြိုင်က ဟက်ပီးတဲ့ ဘတ်ဒေးများ | 15 Dec 2013 | ၁၃၄ |
| ၂၅။ နိုးဝမ်းထဲမှာ တိရစ္ဆာန်ပါလို့လား | 22 Dec 2013 | ၁၃၉ |
| ၂၆။ တောဘွဲ့များနဲ့ တောဒီဂရီများ | 29 Dec 2013 | ၁၄၅ |
| ၂၇။ စကြဝဠာကို လွှမ်းပစ်မယ့် စုံနံ့သာမြိုင် | 5 Jan 2014 | ၁၅၁ |
| ၂၈။ တောဟော်စပီတယ် ဆောက်မယ်ဆိုလို့ | 12 Jan 2014 | ၁၅၇ |
| ၂၉။ ဘယ်မှာလဲဟဲ့ စီနီယာတိရစ္ဆာန် | 19 Jan 2014 | ၁၆၃ |
| ၃၀။ ဂိုက်မပါရင် မအွတ်သာတဲ့တော | 26 Jan 2014 | ၁၆၈ |
| ၃၁။ တိရစ္ဆာန်တွေ လက်ထဲက စုံနံ့သာမြိုင် | 2 Feb 2014 | ၁၇၄ |
| ၃၂။ တောမိန့်ခွန်း | 9 Feb 2014 | ၁၇၉ |
| ၃၃။ တိရစ္ဆာန်ကလေးတွေ ဆန္ဒဖော်ထုတ်ကြတော့ | 15 Feb 2014 | ၁၈၅ |
| ၃၄။ ဂတ်ပိုင်တဲ့မြေ ဂတ်ပိုင်တဲ့ရေ ဂတ်ပိုင်တဲ့လေ | 23 Feb 2014 | ၁၉၁ |
| ၃၅။ တောအသံကို သဘောအမှန် ကြားချင်လွန်းလို့ | 2 Mar 2014 | ၁၉၇ |


mgyoe.com

mgyoe.com

## တောပါးစပ်နှင့် ပတ်သက်၍

စာရေးဆရာကြီး ဂျော့အော်ဝဲလ် (George Orwell)ဟူသည့်အမည်ကို မြန်မာစာပေလောကသားတို့က ကြားဖူးနားဝရှိကြပါသည်။ ၁၉၀၃ ၌ အိန္ဒိယတွင် မွေးကာ ၁၉၅၀ တွင် လန်ဒန်၌ ကွယ်လွန်ခဲ့သော နာမည်ကျော်စာရေးဆရာကြီးတစ်ယောက် ဖြစ်ပါသည်။ ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် ၁၉၂၂ မှ ၁၉၂၈ အထိ အမှုထမ်းခဲ့ဖူးသည့် အင်္ဂလိပ်အရာရှိတစ်ယောက်လည်း ဖြစ်ပါသည်။


"Burmese Days"သည် သူ၏ မြန်မာနိုင်ငံရေးရာ စာအုပ်ဖြစ်ပါသည်။ သူ၏ နာမည်ကျော် စာနှစ်အုပ်ဖြစ်သော Animal Farm တို့၊ Nineteen Eighty - Four တို့ကမူ တစ်ခါက အာဏာရှင်နိုင်ငံများဖြစ်ခဲ့သည့် ရုရှတို့၊ မြန်မာတို့ကို ရည်ညွှန်းပြီး ရေးခဲ့ခြင်းဖြစ်ကြောင်း အယူအကောက်တချို့ ရှိပါသည်။

Animal Farm ကို သခင်ဘသောင်းက "ခြေလေးချောင်းတော်လှန်ရေး"အမည်ဖြင့် ဘာသာပြန်ဆိုခဲ့ဖူးပါသည်။ အာဏာအခြေခံ လူ့အဖွဲ့အစည်းကို တိရစ္ဆာန်လောကနှင့် ရည်ညွှန်းကာ ရေးသားသွားလိုက်ပုံတွေကများ။

ယခု သရော်စာများသည် သို့နှယ် တိရစ္ဆာန်ဆန်သော လူ့အဖွဲ့အစည်းကို ရုပကပြုလျက် ရေးဖြစ်ခဲ့ခြင်းဖြစ်၍ စာအုပ်အမည်ကို တောနံ့ကလေးပါစေလိုသဖြင့် "တောပါးစပ်"ဟု ပေးလိုက်မိခဲ့ပါသည်။ "တောပါးစပ်" ကြောင့် အတောမသတ်အောင် ရွှင်ပြုံးနိုင်ကြပါစေလိုကြောင်း။ ။

*ဂျက်(ကွမ်းခြံကုန်း)*

mgyoe.com



mgyoe.com

# စုံနံ့သာမြိုင် ကွန်စတီကျူးရှင်း

(တစ်)

ကြံကြီးစည်ရာဗျာ။ စုံနံ့သာမြိုင် ကွန်စတီကျူးရှင်းတဲ့။

စုံနံ့သာမြိုင်ကတော့ ခင်ဗျားတို့ သိပါတယ်။ စုံနံ့သာမြိုင်ဆိုတာ စုံနံ့သာမြိုင်ပဲပေါ့။ တောပဲပေါ့။ ဂျက်ကွမ်းခြံကုန်းတို့ရဲ့ ဓာတ်မြေသပွတ်အူဆိုတဲ့ အင်မတန်ရှုပ်ထွေးပွေလီလှတဲ့ ရွာကလေးရဲ့ မလှမ်းမကမ်းဆီက အလွန်နက်ရှိုင်းပြီး လျှို့ဝှက်ချက်တွေနဲ့ အသိရခက်လွန်းလှတဲ့ တောကြီးတစ်တောပဲပေါ့။ နာမည်ကတော့ အလှသား။ စုံနံ့သာမြိုင်တဲ့။

ကွန်စတီကျူးရှင်းဆိုတာက ခင်ဗျားတို့ သိပါတယ်။ နိုင်ငံရယ်လို့မှ ဖြစ်လာခဲ့ပြီဆိုရင် အစိုးရရယ်လို့မှလည်း ရှိလာခဲ့ပြီဆိုရင် အဲသည်အနို နိုင်ငံကို မည်သို့သောစည်းကမ်းနည်းလမ်းများဖြင့် အုပ်ချုပ်ပါမည်ဆိုတဲ့ အများသဘောတူလက်မှတ်ထိုးစာချုပ်ချုပ်ထားတဲ့ ကွန်စတီကျူးရှင်းဆိုတာကြီးကတော့ ရှိရပေမှာပေါ့။ အင်္ဂလိပ်လိုက Constitution တဲ့။ မြန်မာလိုကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုလား။ ထား။

အမေရိကန်မှာလည်း သူ့ကွန်စတီကျူးရှင်းနဲ့သူ။ အိန္ဒိယမှာလည်း သူ့ကွန်စတီကျူးရှင်းနဲ့သူ။ ရုရှားမှာလည်း သူ့ကွန်စတီကျူးရှင်းနဲ့သူ။

mgyoe.com

mgyoe.com


ရေးဆွဲတဲ့လူတွေ အမြော်အမြင်ကြီးရင် ကြီးသလောက်၊ နည်းရင်နည်း သလောက် ကွန်စတီကျူးရှင်းကြောင့် အဲသည်တိုင်းပြည်နဲ့ လူထုဟာ လောကနိဗ္ဗာန်သို့လည်း ရောက်ရှိနိုင်၊ လောကငရဲသို့လည်း ရောက်ရှိနိုင် ပါပဲ။

ဟော့…ကြည့်။

အခုဟာက စုံနံ့သာမြိုင် ကွန်စတီကျူးရှင်းတဲ့။ အဲသည့်ဟာကို သတင်းစာရှင်းလင်းပွဲကလေး လုပ်မယ်ဆိုပြီး ဖိတ်ကြားခြင်းခံရသမှုရှိတဲ့ သူတွေထဲမှာ ပါဝင်နေတာက လူထုအချစ်တော် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း။ ဦးဆောင်ဖိတ်ကြားလာသူတွေက စုံနံ့သာမြိုင်တောကြီးထဲမှာ ကျင်လည် ကျက်စားနေသည့် မြေခွေးတစ်စု။

ဘယ့်နှယ်လူတွေကို လိုက်တုပြီး တိရစ္ဆာန်တွေကပါ ကွန်စတီကျူး ရှင်းဆွဲကြရတယ်လို့။

## (နှစ်)

ဂျက်ကွမ်းခြံကုန်းတို့ တောထဲရောက်သွားတဲ့အချိန်မှာ တိရစ္ဆာန်တွေ ကတော့ တော်တော့်ကို စုံစုံလင်လင်ပဲဗျ။

စုံဆို စုံနံ့သာမြိုင်တောကို ရစ်ခွေစီးဆင်းသွားတဲ့ ချောင်းကလေးရဲ့ ဘေးသဲသောင်စပ်မှာ လုပ်တာကိုး။ သည်တော့ ရေသတ္တဝါဖြစ်တဲ့ ငါးက လေးတွေ၊ ပုစွန်လေးတွေကအစ ပါဝင်နိုင်ကြပေတာပေါ့။ ဆင်တို့၊ မြင်း တို့၊ ကျွဲတို့၊ နွားတို့ကစပြီး သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ပဒတ်၊ ယုန်၊ ခါ၊ မြွေပါ၊ ဝံပုလွေ အထွေထွေစုံပ့ါ။ ကျားနဲ့ ကျားသစ်လည်းပါသပေါ့။ ခြင်္သေ့ကလည်း နှစ်ကောင် သုံးကောင်တော့ ရှိမယ်ထင်ပါရဲ့။ သစ်ကုလား အုတ်ကြီးတို့၊ မြင်းကျားကလေးတို့ကအစ မကြွင်းမကျန်ပါ။ အဲ…ငှက်တွေက တော့ ပြောမနေနဲ့။ သစ်ပင်တွေပေါ်မှာ တရုန်းရုန်း တအုန်းအုန်း။

လူ့ရပ်၊ လူ့ရွာ၊ လူ့ကမ္ဘာမှာဖြင့် ကွန်စတီကျူးရှင်းနဲ့ ဘာနဲ့စနစ်တကျ အုပ်ချုပ်ကြလေပြီ။ တို့များတိရစ္ဆာန်ကမ္ဘာမှာလည်း အနို့နှယ်အုပ်ချုပ်ကြမှ တော်ပေစွလို့ အတွေးဝင်မိရာက အဲသည့်စုံနံ့သာမြိုင် ကွန်စတီကျူးရှင်း ကြီးကို ဆွဲဖြစ်ကြပြီး ယင်းကို လူ့ရပ်၊ လူ့ရွာက စာနယ်ဇင်းသမားများကို ခေါ်ယူရှင်းပြရခြင်းဖြစ်ပါသည်ဆိုလား။

mgyoe.com

mgyee.com

ဩော်....စုံနံ့သာမြိုင် ကွန်စတီကျူးရှင်းကို ရေးဆွဲတာက မြေခွေးတွေ တဲ့ခင်ဗျ။ ထူးပေ့ဆန်းပေ့ တောကြီးပါလားဗျာရယ်။

(သုံး)

စုံနံ့သာမြိုင်မှာ မြေခွေးတွေက ဦးဆောင်ပြီးဆွဲထားတဲ့ ကွန်စတီကျူးရှင်းရဲ့ အသေးစိတ်ကိုတော့ ဂျက်ကွမ်းခြံကုန်းကြီး စိတ်မဝင်စားပါဘူး။ ထို့ကြောင့် ပြောလည်း မပြောကြားလိုပါဘူးဗျာ။

အနို့သော် တစ်ခုဗျ။

စုံနံ့သာမြိုင်ကို အုပ်ချုပ်မည့်သတ္တဝါသည် ခြေလေးချောင်းသတ္တဝါ ဖြစ်ရမည်ဆိုတာကို တိရစ္ဆာန်အားလုံးက သဘောတူကြသတဲ့ဗျ။ ဆင်ရော၊ ခြသေ့်ရော၊ ကျားရော အကုန်ပေါ့။ ကောင်းပေစွ ကောင်းပေစွပေါ့။ အဲ သည်မှာ ဆက်ပြီးလာတာက ခြေလေးချောင်း သတ္တဝါဟုဆိုသော်လည်း အသားစားသတ္တဝါသာဖြစ်ရမည်လို့လည်း ဆိုလိုက်ရော ဆင်ကြီးလည်း ဘေးရောက်၊ သစ်ကုလားအုတ်ကြီးလည်းဘေးရောက်၊ နွားတွေ၊ ကျွဲတွေ၊ မြင်းတွေဆိုတာ မြောင်းထဲမှာ။

အဲသည့်အထိကတော့ ခြသေ့်ကြီးကလည်း ပြုံးလို့တဲ့ဗျ။ ကျားကြီးက လည်း ဟဲဟဲဟဲဟဲပေါ့။ ကျားသစ်ကတော့ ရယ်သွမ်းသွေးရုံမျှသာ။

အဲသည်မှာ နောက်တစ်ဆင့် ထပ်တက်လာပြန်တာက စုံနံ့သာမြိုင် ကိုအုပ်ချုပ်မည့် သတ္တဝါဟာ ခြေလေးချောင်းသတ္တဝါဖြစ်ရုံသာမက၊ အသားစားသတ္တဝါ ဖြစ်ရုံသာမက နာမည်ဟာ တစ်လုံးတည်းမဖြစ်ရဘူး လည်းဆိုရော ငိုင်ကျသွားတာက ကျားပဲဗျ။ သည်အထိကတော့ ခြသေ့် နဲ့ ကျားသစ်ကရယ်တုန်းပဲ။ သူတို့နာမည်တွေက နှစ်လုံးတွေကိုး။ ခြသေ့် ကလည်း နှစ်လုံးပဲ။ ကျားသစ်ကလည်း နှစ်လုံးပဲ။

ဒါနဲ့ ဆက်ရရင် စုံနံ့သာမြိုင်ကွန်စတီကျူးရှင်းမှာ ဆက်ပြီးရေးထား တာက ထိုအနှီသတ္တဝါသည် ကြာသပတေးနံနဲ့စပြီး တနင်္လာနံနဲ့ဆုံးရမယ် ဆိုလား။ အဲသည့်မှာ ကွန်စတီကျူးရှင်းနဲ့ညီတဲ့ သတ္တဝါကို လိုက်ရှာတော့ မြေခွေးကို သွားတွေ့တော့တာကိုး။ ဟုတ်တယ်လေ မြေက "ပ၊ ဖ၊ ဗ၊ ဘ၊မ" ကြာသပတေးနံ၊ ခွေးက "က၊ခ၊ဂ၊ဃ၊င" တနင်္လာနံ။

ဂျက်ကွမ်းခြံကုန်း စုံနံ့သာမြိုင်ကိုကြည့်ပြီး တော်တော့ကို သဘောကျ

mgyee.com

သွားတာပါ။ စနစ်ကျလိုက်တာ၊ သည်တောကို ဘယ်သူအုပ်ချုပ်ပါလို့ ဗွတ်အတင်းအစမ္မမသတ်မှတ်ထားဘူး။ စည်းနဲ့ကမ်းနဲ့။

ကြည့်လေ။ စုံနံ့သာမြိုင်ကို ဦးဆောင်သူဟာ ခြေလေးချောင်းသတ္တဝါ ဖြစ်ရမယ်။ အဲသည့် ခြေလေးချောင်းသတ္တဝါဟာ အသားစားသတ္တဝါဖြစ်ရ မယ်။ အဲသည့် အသားစားသတ္တဝါဟာ နာမည်တစ်လုံးတည်းလည်း မဖြစ် ရဘူး။ နာမည်နှစ်လုံးဖြစ်ရမယ်။ အဲသည့် နာမည်နှစ်လုံးဟာလည်းပဲ ကြာသပတေးနံနဲ့စပြီး တနင်္လာနံနဲ့ဆုံးရမယ်တဲ့။ မြေခွေးတွေက ဦးဆောင်ရ မယ်လို့ ပြောမထားဘူးနော်။ သိပ်ကိုစနစ်ကျတာပဲ။ ကောင်းလိုက်တာ။

အင်း…မြေခွေးတွေ ဆွဲထားတဲ့ စုံနံ့သာမြိုင် ကွန်စတီကျူးရှင်းကို လူတွေအတုယူစေချင်လိုက်တာ။

■


mgyoe.com

# စိုးရသည့်မြို့မှာ မကြောက်တတ်ကြလို့လား



mgyoe.com

# စုံနံ့သာမြိုင်မှာ ပီအာတော့မလို့လား

(တစ်)

ဘယ်လိုရောဂါမှန်း မသိပါဘူး အရပ်ကတို့ရယ်။ ကူးစက်ပုံများ မြန်ဆန်လွန်းလိုက်တာ။ ဟုတ်တယ်။ နိုင်ငံရေးဆိုတာ ကူးစက်ရောဂါတစ်မျိုးပဲလို့ ထင်တယ်။ အခုကြည့်လေ။ လူတို့ရွာဘက်ဆီမှာ ပီအာ ပီအာနဲ့ အသံကလေးတွေကလည်း နည်းနည်းထွက်လာရော ဟောကြည့်သပွတ်အူကျေးရွာနဲ့ မလှမ်းမကမ်း စုံနံ့သာမြိုင် တောနက်ကြီးဆီက တိရစ္ဆာန်တွေရဲ့ ကမ္ဘာမှာလည်း ပီအာပီအာဆိုတဲ့ အသံကလေးတွေ ထွက်လာပါလေရော။

ပီအာလို့ ခပ်ကျယ်ကျယ် အော်တဲ့တိရစ္ဆာန်တွေထဲမှာ ခြသေ့ တွေပါသတဲ့ဗျ။ ကျားတွေလည်း ပါတယ်ဆိုပါတော့။ အဲ...အကဲဆုံးကတော့ မြေခွေးတို့ ဝံပုလွေတို့ဆိုလားဗျာရယ်။

ဘယ့်နှာများ ဖြစ်တယ်လို့ မပြောတတ်နိုင်ပါဘူး။

(နှစ်)

စုံနံ့သာမြိုင်တောကြီးထဲက တိရစ္ဆာန်တွေဟာ တိရစ္ဆာန်လို့ဆိုဘိသော်ငြားလည်း လူတို့ရွာနဲ့ကဖြင့် အတော့်ကို နီးစပ်တဲ့သတ္တဝါတွေပါ။ လူတို့

mgyoe.com

mgyoe.com


ရွာမှာ တရားဥပဒေစိုးမိုးဖို့ဆိုပြီး အသံထွက်လာတာနဲ့ စုံနံ့သာမြိုင် တရားဥပဒေစိုးမိုးရေးဆိုတာကို ထလုပ်ကြတော့တာပါပဲ။ ဟော လူတို့ရွာမှာ ကွန်စတီကျူးရှင်းလို့ခေါ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဘာနဲ့ဆိုတဲ့ အသံလည်းကြားရော ကြည့်စမ်း စုံနံ့သာမြိုင်ကွန်စတီကျူးရှင်းဆိုပြီး ချက်ချင်းလုပ်ပါလေရော။

အင်း...အခုတော့ ပီအာဖြစ်ပြန်ပေါ့ဗျာ။

ပီနဲ့ အာနဲ့ပေါင်းတဲ့အခါ PR ပေါ့ဗျာ။ ဘာခက်တာမှတ်လို့။ Proportional Representation ပေါ့။ ပရိုပိုရှင်းနယ်ရီပရယ်ဆန်တေးရှင်းဆိုလား ကြက်တူရွေးကြီးတစ်ကောင်ကတော့ အသံထွက်ပြပါတယ်။ တစ်တောလုံး လိုက်ဆိုကြည့်ကြတာပေါ့။ နည်းနည်းခက်တယ်ဗျ။ လျှာလိပ်ချင်တယ်။ အဲသမှာ ဆင်ကြီးက လွယ်တာကို ခက်အောင်မလုပ်နဲ့ကွ၊ ပီအာပဲထားလိုက်ဆိုလို့ အခုတော့ စုံနံ့သာမြိုင်တစ်တောလုံး ပီအာပါပဲ။ အချိုးကျကိုယ်စားပြုစနစ်တဲ့။ ဒါကတော့ ဉာဏ်ကြီးရှင်ဇီးကွက်မျက်ပြူးအဖွဲ့က ဘာသာပြန်ပေးတာပါ။

ထား။ အဲဒါက အရေးမကြီးပါဘူး။ ပီအာပဲ ခေါ်ခေါ်၊ ပရိုပိုရှင်းနယ်ရီပရယ်ဆန်တေးရှင်းပဲခေါ်ခေါ် အချိုးကျကိုယ်စားပြုစနစ်ပဲခေါ်ခေါ်၊ ကြိုက်သလိုခေါ်ပေါ့ဗျာ။ အရေးကြီးတာက စုံနံ့သာမြိုင်တောထဲမှာ အဲသည့်လူတို့ရွာက ရောက်လာတဲ့ ပီအာဆိုတာကြီးကို သုံးမှာလား၊ မသုံးဘူးလားဆိုတဲ့ကိစ္စပါ။

ဗွက်ကတော့ တော်တော့ကို ပေါက်တဲ့ကိစ္စပါဗျာ။

(သုံး)

စုံနံ့သာမြိုင်တောကြီးကို ဘယ်သူက ဘယ်လိုအုပ်ချုပ်ပါအံ့ဆိုတာကို ဘယ့်နှာလုပ်ပြီး ရွေးကြမှာလဲလို့ ပြဿနာစပေါ်တုန်းက အားလုံးသဘောတူကြတာက ကဲ...လူတို့ရွာမှာလိုပဲ ပါတီတွေထောင်ကြ၊ ကိုယ်ကြိုက်တဲ့ပါတီကို မဲထည့်ကြ၊ မဲအများဆုံးရတဲ့ပါတီရဲ့ တိရစ္ဆာန်တွေက စုံနံ့သာမြိုင်အုပ်ချုပ်ရေးအဖွဲ့ဆိုတာမျိုးဖွဲ့ပြီး အုပ်ချုပ်ကြဆိုတာမျိုးဗျ။

ဖွဲ့ကြပါတယ်။ ခြေလေးချောင်းသတ္တဝါတွေက တစ်ပါတီ၊ ခြေနှစ်ချောင်းသတ္တဝါတွေက တစ်ပါတီ၊ ရေသတ္တဝါတွေက တစ်ပါတီ၊ ငှက်တွေ

mgyoe.com

က တစ်ပါတီ၊ တွားသွားသတ္တဝါတွေက တစ်ပါတီ၊ အင်းဆက်ပိုးမွှားတွေ
က တစ်ပါတီ စသည်စသည်ဆိုပါတော့။

ရွေးကောက်ပွဲရက်နီးလာတာနဲ့ တကတဲ မဲဆွယ်လိုက်ကြတာတွေ များ။ ခြသေ့်တို့၊ ကျားတို့၊ မြေခွေးတို့နဲ့ဖွဲ့ထားတဲ့ ခြေလေးချောင်းပါတီ ကဆို သူတို့အာဏာရခဲ့ရင် အသားစားမှုကို တိုက်ဖျက်သွားမယ်ဆိုတာတို့၊ သူတို့ ယခင်ယခင်က သတ်ဖြတ်စားသောက်မိခဲ့တဲ့ သတ္တဝါတွေရဲ့ ကျန် ရစ်သောမိသားစုဝင်တွေကို ထောက်ပံ့ကြေးပေးမယ်တို့၊ ဘာတို့နဲ့ကို မဲ ဆွယ်တော့တာ။ ရေသတ္တဝါတွေနဲ့ဖွဲ့ထားတဲ့ပါတီကဆို ရေမြင်းကြီးက ဦးဆောင်ပြီး သူတို့သာအာဏာရခဲ့ရင် စုံနဲ့သာမြိုင်တောထဲက သတ္တဝါ တွေ ရေလမ်းခရီးသွားရင် အခမဲ့ပို့ဆောင်ပေးမယ် ဘာညာနဲ့ကို ရဲရဲကြီး အာမခံတာခင်ဗျ။ ငှက်တွေရဲ့ပါတီက ခေါင်းဆောင်များဖြစ်တဲ့ သိန်းငှက် တို့၊ စွန်ငှက်တို့ကဆို ကျေးငှက်သာရကာများပါတီကသာ အနိုင်ရရင်ဖြင့် သတ္တဝါအားလုံး ဝေဟင်ခရီးကနေ လေယာဉ်စီးကြရင် ပြေးလမ်းမချော် စေရ၊ ပြေးလမ်းမလွန်စေရ၊ လမ်းပေါ်က ဆိုင်ကယ်ကို မတိုက်မိစေရဘဲ လုံခြုံစိတ်ချစွာနဲ့ ပို့ဆောင်ပေးမယ့်အကြောင်း ကောင်းကင်ကနေကို စာရွက်တွေ ဖြန့်ကြဲချတော့တာ။

ထားပါဗျာ။ စကားတွေရှည်ပါတယ်။ နောက်ဆုံးမဲထည့်တော့ ခြေ လေးချောင်းသတ္တဝါတွေက နိုင်သဗျ။ ကြက်တို့၊ ဘဲတို့လို ခြေနှစ်ချောင်း သတ္တဝါနဲ့ ပုတ်သင်ညို၊ ကင်းလိပ်ချော၊ အိမ်မြှောင်၊ ဖွတ်၊ ပုတတ်တို့လို တွားသွားသတ္တဝါတွေကပါ ခြေလေးချောင်းသတ္တဝါတွေကို ဝိုင်းပြီးမဲထည့် လိုက်ကြတာ ခြေလေးချောင်းတွေရဲ့ပါတီ အနိုင်ရသွားပါလေရောဆိုပါ တော့။ လိုရင်းကို တိုရှင်းပြောရရင် ခြေလေးချောင်းတွေ စုံနဲ့သာမြိုင်တော ရဲ့ အစိုးရဖြစ်သွားတော့တာပါပဲဗျာ။ ခြသေ့်ရယ်၊ ကျားရယ်၊ ကျားသစ် ရယ်၊ မြေခွေးရယ်က အဓိကပေါ့။ ဆင်ကြီးတို့၊ မြင်းတို့၊ နွားတို့၊ ကျွဲတို့က မည်ကာမတ္တရယ်သာ။

အသားစားမှုကို တိုက်ဖျက်ပစ်မယ်ဆိုတဲ့ ခြေလေးချောင်းခေါင်း ဆောင်တွေ ပထမတော့ အသားတုကလေး ဘာလေးနဲ့ ဟုတ်မလိုလိုပေါ့။ နည်းနည်းလည်းအချိန်နှောင်းရော စားလိုက်တဲ့အသား။ ကြက်လည်းဆွဲ

mgyoe.com

mgyoe.com

တာပဲ။ ဘဲလည်းဝါးတာပဲ။ နွားတို့၊ ကျွဲတို့ကိုတောင် အချင်းချင်းရယ်လို့ စည်းကမ်းမထား၊ လစ်တာနဲ့ ဝင်ဆွဲတာမျိုးတွေ ဖြစ်လာပါလေရော။

အနို့နှင့်...တစ်တောလုံး ထွီကြလေပြီဆိုပါတော့။ ထွီဆိုတာက တံတွေးထွေးတာကိုပြောတာ။ ရွံတာ။ နောက်တစ်ခါ စုံနံ့သာမြိုင်မှာ တောခေါင်းဆောင်ပြန်ရွေးလို့ကတော့ ခြေလေးချောင်းတွေခက်ပြီဆိုပါတော့။ ဒါကို မြေခွေးကစပြီး ရိပ်မိတာ။

အဲသည့်တုန်းမှာပဲဆိုပါတော့။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ တောအစပ်မှာပေါ့။ ဒေါင်းမကလေးတစ်ကောင်က,နေတာများ လှလိုက်တာ အိုးဝေအိုးဝေနဲ့ တွန်သံကလေးကလည်း ချိုမြိန်လွန်းပ့ါ။ ငှက်တွေအကုန်ဝိုင်းကြည့်ပြီး လက်ခုပ်တီးနေကြတာ။ နောက်တော့ ငှက်တွေကသာမကတော့ဘူး။ ခြေနှစ်ချောင်းသတ္တဝါတွေရော၊ ခြေလေးချောင်းထဲက သိုး၊ ဆိတ်၊ စိုင်၊ ဆတ်၊ ချေ၊ သမင်၊ ဒရယ်၊ ယုန်၊ နွား၊ ကျွဲစတဲ့သတ္တဝါတွေ ကပါဒေါင်းနားကို ဝိုင်းလာကြပြီး အသံလည်းလှ၍ အကလည်းကောင်း သည့်ဒေါင်းမကလေးပါလားလို့ တောကဗျာတေးတို့နဲ့ ဩဘာပေးကြပါလေရောဗျာ။ နောက်တစ်ခါဆိုရင် ဒေါင်းမကလေးပါဝင်တဲ့ ကျေးငှက်သာရကာများပါတီကိုပဲ မဲထည့်ကြဖို့ဆိုလား။ တစ်တောလုံးညံတဲ့ အသံဗလံတွေနဲ့။

အဲသမှာပဲ ခြင်္သေ့၊ ကျားနဲ့ မြေခွေးတို့ဆီက အသံတွေ ထွက်လာတာ။ မဆွကပြောခဲ့တဲ့ဟာကြီးလေ ပီအာ (PR)တဲ့။

## (လေး)

ပြောခဲ့သလိုပါပဲ။ ပီအာဆိုသည်က အချိုးကျကိုယ်စားပြုစနစ်ပေါ့။ ခြေလေးချောင်းတွေက သူတို့ မဲအများဆုံးရရှိထားစဉ်တုန်းကတော့ Winner takes all ဆိုတဲ့စကားအတိုင်း နိုင်သူက အကုန်ယူလုပ်ကြပြီး စုံနံ့သာမြိုင်တစ်တောလုံး ငှက်တွေကို မဲပေးမယ့်အခြေအနေမြင်တော့ ပီအာတဲ့။ အချိုးကျကိုယ်စားပြုတဲ့။ နိုင်သူက အကုန်မယူနဲ့တော့။ အချိုးကျပေါ့တဲ့။ ခြင်္သေ့က ဆယ်မဲပဲရရ၊ မြေခွေးက မဲနှစ်ဆယ်ပဲရရ၊ ကျားက သုံးမဲပဲရရ စုံနံ့သာမြိုင်တောကြီးကို အုပ်ချုပ်တဲ့နေရာမှာ သူ့အချိုးအစားအတိုင်း ပါကြမယ်တဲ့။ ကြည့်စမ်း ပြောရဲလိုက်တာ။

mgyoe.com

mgyoe.com


"ဒိန်းမတ်လည်း ပီအာ
ဆွစ်ဇာလန်လည်း ပီအာ
ဘယ်လ်ဂျီယံလည်း ပီအာ
ဖင်လန်လည်း ပီအာ....
ဒါကြောင့်တို့များလည်း ပီအာ လုပ်သင့်သပေါ့" တဲ့။

မြေခွေးက ပြောနေပုံကို ဩော်...စုံနံ့သာမြိုင်က ဒိန်းမတ်လားဗျာ။ ဆွစ်ဇာလန်လားဗျာ။ ဘယ်လ်ဂျီယံလားဗျာ။ ဖင်လန်လားဗျာ။ ခက်ခက် နေသေးတော့။

■

mgyoe.com

# ငါမကောင်း
# ငါ့အကြောင်းရေးနှင့်
# စုန်သာမြိုင်ဆွေဝင်



mgyoe.com

# ငါ့မကောင်း ငါ့အကြောင်းရေးနှင့် စုံနံ့သာမြိုင် နေ့စဉ်

(တစ်)

ဟောဗျ။ ဘယ့်နှာများ ဖြစ်ရပြန်ပါလိမ့်။ ထူးထူးဆန်းဆန်း။ စုံနံ့သာမြိုင်ဒေးလီးတဲ့။ အဲသည့်ကြော်ငြာ Vinyl ကြီးကို ဂျက်ကွမ်းခြံကုန်းစ, တွေ့တာ စုံနံ့သာမြိုင်တောအုပ်ကြီးသို့အဝင် လက်ပံပင်ကြီးတစ်ပင်ရဲ့ ပင်စည်မှာစပြီးတွေ့တာဗျ။ အင်္ဂလိပ်လိုလည်း ပါသေးတယ်။ Sonnathamying Daily ဆိုလား။ သတင်းစာကြော်ငြာမှန်းတော့ တန်းသိပါရဲ့။ တိရစ္ဆာန်ကမ္ဘာကလည်း သွက်လှပါလားလို့ အောက်မေ့မိရင်း တောထဲကို တစ်စတစ်စ ဝင်လာလေလေ စုံနံ့သာမြိုင်ဒေးလီးနဲ့ တိုးလေလေ။

ပိတောက်ပင်ကြီးမှာလည်း စုံနံ့သာမြိုင်ဒေးလီး၊ ကုက္ကိုပင်ကြီးမှာလည်း စုံနံ့သာမြိုင်ဒေးလီး၊ မဟော်ဂနီပင်ကြီးမှာလည်း စုံနံ့သာမြိုင်ဒေးလီး၊ ညောင်မုတ်ဆိတ်ပင်ကြီးမှာလည်း စုံနံ့သာမြိုင်ဒေးလီး။

အယ်ဒီတာချုပ်က ဖီးကွက်မျက်ပြူတဲ့။ တာဝန်ခံအယ်ဒီတာက လင်းယုန်တဲ့။ သတင်းထောက်တွေကတော့ မြင်းတွေချည်းပဲ။ ပင်တိုင်ဆောင်းပါးရှင်တွေထဲမှာ ချိုးငှက်လည်းပါရဲ့။ ဒေါင်းလည်းပါရဲ့။ ဥသြလည်းပါရဲ့။ စုံနံ့သာမြိုင်ရဲ့ သတင်းအမှန်ကို မခြွင်းမချန်ဖော်ပြမည့် သတင်းစာ

mgyoe.com

mgyoe.com


ဆိုလား။

ဂျက်ကွမ်းခြံကုန်း စိတ်ဝင်စားသွားတယ်ခင်ဗျ။ စုံနံ့သာမြိုင်တောထဲ ရောက်တုန်းရောက်ခိုက် စုံနံ့သာမြိုင်ဒေးလီးတိုက်ထဲ ခဏဝင်ကြည့်ဦးမှ ပဲဆိုပြီး ဆုံးဖြတ်လိုက်မိပါလေရော။

(နှစ်)

"ခင်ဗျားတို့ ပြဿနာမရှိနိုင်ဘူးလား"

ဂျက်ကသည်လိုပဲ မေးလိုက်မိပါတယ်။ ဇီးကွက်လည်းရှိရဲ့။ လင်းယုန်လည်း ရှိရဲ့။ မြင်းတွေကတော့ ဘယ်လိုလူလဲဆိုတဲ့ သဘောမျိုးနဲ့ ဂျက်ကို လှမ်းကြည့်နေကြတာပါ။

"မြေခွေးမကောင်းရင်
မြေခွေးအကြောင်းရေး
မြေခွေးမ,မကောင်းရင်
မြေခွေးမ အကြောင်းရေးလို့ ဆိုတာပဲခင်ဗျ"

အယ်ဒီတာချုပ် ဇီးကွက်မျက်ပြူးရဲ့စကားမှာ ဂျက်ကွမ်းခြံကုန်းတော် တော် အံ့သြသွားတာပါ။ ရဲလှချည်လား...ကိုမြေခွေးရဲ့ဆိုတဲ့ အတွေးနဲ့ပါ ပဲ။ ကုန်းဘောင်ခေတ်နှောင်းရဲ့ ဘုရင်မင်းတုန်းမင်းကြီးက ရတနာပုံ နေပြည်တော်သတင်းစာထုတ်မယ် သတင်းကြားတော့ သတင်းစာဆရာကြီး ဖိုးဝဇီရကိုခေါ်ယူကာ ငါမကောင်းရင် ငါ့အကြောင်းရေး၊ ငါ့မိဖုရားမ ကောင်းရင် ငါ့မိဖုရားအကြောင်းရေးလို့ မိန့်ကြားဖူးခဲ့သေးတာကိုး။ ဒါတွေ ပါတဲ့ ဘုတ်အုပ်ကို စုံနံ့သာမြိုင်အုပ်ချုပ်သူ မြေခွေးဖတ်ဖူးခဲ့ပုံရပါတယ်။ ဒါ့ကြောင့် ဒါမျိုးမှာတာ ဖြစ်မှာပေါ့။ မြေခွေးမကောင်းရင် မြေခွေးအ ကြောင်းရေး၊ မြေခွေးမ,မကောင်းရင် မြေခွေးမအကြောင်းရေးတဲ့။ စုံနံ့သာ မြိုင် သတင်းစာတိုက်ကြီးထဲမှာ အဲသည်အမှာစကားကြီးကို Vinyl ကြီးနဲ့ ရိုက်နှိပ်ချိတ်ဆွဲလို့။ "ပုံမြေခွေး" ဆိုတာကလည်းပါသေး။

ဂျက်လည်း မျောက်လွှဲကျော်လေးတစ်ကောင်လာပေးတဲ့ ငှက်ပျောသီး တစ်လုံးစား၊ နွားမကြီးတစ်ကောင်လာချပေးတဲ့ နွားနို့ပူပူတစ်ခွက်သောက် ကာ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ သံသယနဲ့ စုံနံ့သာမြိုင်တောကနေ ပြန်ခဲ့ ကြောင်း ဝန်ခံလိုတယ်ခင်ဗျ။

mgyoe.com

mgyoe.com

ဘာ့ကြောင့်လဲဆိုတော့ အရင့်အရင်တုန်းကဆို စုံနံ့သာမြိုင်တောကြီး ထဲမှာ စာရယ်ပေရယ်လို့ ဘာမှ ဟုတ်တိပတ်တိမရှိတဲ့ဥစ္စာ။ ရံဖန်ရံခါ ထွက်ထွက်လာတတ်တဲ့ ဘုတ်အုပ်တွေက "စိတ်ရင်းကောင်းသော မြေခွေး ကြီးများ" တို့လို "ခြသေ့်မှာလည်း အသည်းနဲ့ပါ" တို့လို့ "နွားကွဲသော် လည်း ကျား မဆွဲရက်ပါပြီ"တို့လို ဝတ္ထုတွေ၊ ကဗျာတွေပဲထွက်ထွက် လာ တတ်တဲ့ဟာ။ ဒါကိုပဲ မြေခွေးတွေက ဆုပြန်ပေး၊ ခြသေ့်တွေက ဆုပြန်ပေး၊ ကျားတွေက ဆုပြန်ပေးနဲ့။ စုံနံ့သာမြိုင်စာပေဆုဆိုလား။ "စုံနံ့သာမြိုင် အလင်း" နာမည်နဲ့ သတင်းစာကလေးတစ်စောင် ထွက်တော့လည်း ဘာမှ မက်လောက်စရာမရှိတဲ့ သတင်းတွေနဲ့။ စုံနံ့သာမြိုင်၌ ကံ့ကော်ပန်းများပွင့် နေခြင်းတဲ့။ အဲဒါသတင်းလားဗျာ။ တန်ခူးလပဲ ကံ့ကော်ပွင့်မှာပေါ့။ စုံနံ့သာ မြိုင်တော၏ တိတ်ဆိတ်မှုကို အနှောင့်အယှက်ပေးသဖြင့် ဥသြ၊ ချိုး၊ ဘုတ် စသည်တို့ တွန်ခွင့်လိုင်စင်၊ ကူခွင့်လိုင်စင်၊ အီခွင့်လိုင်စင်များ ပြုလုပ်ရမည် တဲ့။ ဥသြတွန်တာ၊ ချိုးကူတာ၊ ဘုတ်အီတာ အပြစ်ဆိုပါ့လား။ ကိုရွှေကျား သိုးကလေးကို တစ်ချက်တည်းနှင့် ခုန်အုပ်ဆိုတဲ့ သတင်းမျိုးကလည်း ပါသေးသဗျ။ ထားလိုက်ပါတော့ အဲဒါတွေ။

အခု...အဲသည်လိုမျိုး စုံနံ့သာမြိုင်က စုံနံ့သာမြိုင်ဒေးလီးဆိုပြီး သတင်းစာ ထုတ်မယ်။ စုံနံ့သာမြိုင်အုပ်စိုးသူ မြေခွေးကလည်း မြေခွေးမကောင်းရင် မြေခွေးအကြောင်းရေး၊ မြေခွေးမ,မကောင်းရင် မြေခွေးမအကြောင်းရေး ဆိုတော့ကာ ဟုတ်ပါ့မလား မောင်ကာဠုရဲ့ဆိုသလို ဂျက်ကွမ်းခြံကုန်း သံသယပွားမိတာကတော့ အပြစ်မဆိုလေနဲ့ခင်ဗျ။

## (သုံး)

ဟင်းဟင်းလို့ပင် ရယ်လိုက်ချင်သေး။ အစက တို့မပြောလားလို့ပင် မြည်တွန်တောက်တီး လိုက်ချင်သေး။

စုံနံ့သာမြိုင်ဒေးလီးကြီး ဘယ်လောက်ခံလို့တုံး။ ရပ်လိုက်ရပါပကော။ ခုနစ်ရက်တစ်ပတ်တောင် မကြာလိုက်ပါဘူး အရပ်ကတို့ရယ်။

အယ်ဒီတာချုပ် ဇီးကွက်မျက်ပြူ ဂျက်ဆီကိုရောက်လာတော့ ညကြီး သန်းခေါင်။ တာဝန်ခံအယ်ဒီတာ လင်းယုန်ကိုတော့ ဖမ်းထားပြီဆိုလား။ သတင်းထောက်မြင်းတွေကတော့ ပြေးကြပြီပေါ့။

mgyoe.com

mgyoe.com


အသားစား သတ္တဝါများအနေနှင့် ကိုယ်ဝန်ဆောင်သမင်မကြီးများကို စာနာသင့်။ လူမုဆိုးတို့၏ တောကောင်သားထုတ်လုပ်ရေးကုမ္ပဏီတွင် မြေခွေး၏တူမ အစုရှယ်ယာဝင်ထား။ သားပိုက်ကောင်များအားလုံး မြေခွေးနှင့်သားများ လုပ်ငန်းစုမှ တင်သွင်းသည့် ကျန်းမာရေးနှင့်ညီညွတ်သော အိတ်များဖြင့်သာ ကလေးများကို ထွေးပိုက်ရမည်ဟုဆို။ ကင်းခြေများနှင့် ပိုးနားသန်ကောင်များအားလုံးအတွက် မြေခွေးမ၏ ဒွေးလေးကုမ္ပဏီက ဖိနပ်များတင်သွင်း။

အဲဒါဟာ စုံနံ့သာမြိုင်ဒေးလီးထဲက သတင်းတွေဗျ။ မျက်စိစပါးမွေးစူးချေပြီထင့်။

"အနို့နေပါဦး...သူတို့က ဘာပြောတုံး"

"မြေခွေးမကောင်းရင်

မြေခွေးအကြောင်းရေး

မြေခွေးမ,မကောင်းရင်

မြေခွေးမ,မကောင်းကြောင်းရေး ဟုဆိုသော်လည်းတဲ့... စုံနံ့သာမြိုင်၏ တည်ငြိမ်မှုယန္တရားကို ထိပါးသလိုလို ဘာလိုလို ညာလိုလို စာသားများပါဝင်လာပါက ယင်းငှင်းစာစောင်ကိုပိတ်၍ အယ်ဒီတာအဖွဲ့ကို အရေးယူရန်တဲ့ ဆရာကြီးဂျက်ရဲ့"

ကဲ...ဂျက်ကွမ်းခြံကုန်းလည်း ဘာမှမတတ်နိုင်တော့။ ဒါက သူတို့တိရစ္ဆာန်လောကရဲ့ ပြဿနာ။ ဂျက်တတ်နိုင်တာက တစ်ခုတည်း။ အယ်ဒီတာချုပ် ဖီးကွက်မျက်ပြဲ ဂျက်တို့ လူ့ရပ်လူ့ရွာ၌ ကြိုက်သလောက်နေ ပျော်သလောက်နေဆိုသည့် ကလေးမျှသာ။ သိပ်မထူးပါဘူးကွာဆိုပြီး တော့ ပြန်တော့မပြေးလေနဲ့ပေါ့ ဖီးကွက်မျက်ပြဲရယ်။ ။

(ဤသရော်စာစာစုသည် ဂျက်ကွမ်းခြံကုန်း၏ အာဘော်သာဖြစ်ပါသည်။)

■

mgyoe.com

# တိုင်းသာငြိမ်မှာ ရယ်စရာ မတွေ့သေးဘူးလား



mgyoe.com

# စုံနံ့သာမြိုင်မှာ ရယ်စရာမတွေ့သေးဘူးလား

(တစ်)

ဂျက်ကွမ်းခြံကုန်းကို လာခေါ်တာက ဝံပုလွေတစ်ကောင်ဗျ။ မြေခွေးက အခေါ်လွှတ်လိုက်တာဆိုလား။ မြေခွေးဆိုတာ အခုလောလောဆယ် စုံနံ့သာမြိုင်တောကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်နေတဲ့ တောရဲ့ဦးသျှောင် တိရစ္ဆာန်တို့၏ ထွတ်ထိပ်ခေါင်ဆိုတာကိုတော့ ခင်ဗျားတို့လည်းသိမှာပေါ့။

အနို့ ဘာကိစ္စတုံးဗျ။

အဲဒါက မြေခွေးကို တွေ့တွေ့ချင်း ဂျက်ကွမ်းခြံကုန်းမေးဖြစ်တဲ့ မေးခွန်းပါ။ မြေခွေးက ဖတ်လက်စစာအုပ်ကို ပစ်ချပြီး ဖိတ်စာတစ်စောင် ထိုးပေးပါတယ်။

အလို..."ရယ်ရှင်ပြုံးတုံ့မပြုံးတုံ့သင်တန်းကြီး" ဆိုပါလား။ ဘယ့်နှာကြီးပါလိမ့်။ အနို့ ရယ်ရှယ်ပြုံးတုံ့မပြုံးတုံ့ သင်တန်းကြီးဆိုတာ ဘယ့်နှာသို့သော သင်တန်းကြီးပါလိမ့်။ ယင်းငှင်းထို သင်တန်းကြီးသည် ဂျက်ကွမ်းခြံကုန်းနှင့် ပသို့မျှား ဆက်စပ်နေပါလိမ့်။ အဲသလို ခေါင်းခြောက်နေတုန်းမှာပဲ မြေခွေးက ဂျက်ကွမ်းခြံကုန်းကို အကူအညီတောင်းတဲ့ စကားဆက်၍ ပြောလာတာရယ်ပါ။ အဲသည်ရယ်ရှင်ပြုံးတုံ့မပြုံးတုံ့ သင်တန်း

mgyoe.com

mgyoe.com
ကြီးကို ဂျက်ကွမ်းခြံကုန်းက ဦးဆောင်ပို့ချပေးရမယ်ဆိုပါလား။

ပသို့သော အစီအစဉ်ကြီးပါလိမ့်။

(နှစ်)

စုံနံ့သာမြိုင်ဆိုတာကြီးနဲ့ ဂျက်တို့ရဲ့ သပွတ်အူဆိုတဲ့ ကျေးရွာကလေးဟာ ဘယ်လောက်မှ မလှမ်းတဲ့အရပ်ဒေသတွေပါ။ တစ်ခုပါပဲ။ ဂျက်တို့သပွတ်အူက လူ့ရပ်လူ့ရွာ။ စုံနံ့သာမြိုင်တောက တိရစ္ဆာန်တို့ရဲ့ကမ္ဘာ။ ဒါကလေးပါပဲ။ အနို့သော်လည်း အကြောင်းကြီးငယ်ကလေးများ ရှိလာတဲ့အခါများမှာတော့ ဝင်ကြထွက်ကြ လုံးလုံးကြီးမကင်းနိုင်ကြတဲ့ ဒေသနှစ်ခုပါ။

အခုလည်းကြည့်၊ ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့သင်တန်းကြီးကို ဂျက်ကွမ်းခြံကုန်းက လာရောက်ဦးဆောင်ရလေမတဲ့။ စုံနံ့သာမြိုင် တောထဲက တိရစ္ဆာန်အပေါင်းကို ရယ်မောပျော်ရွှင်နေအောင် ဂျက်ကလုပ်ပေးရလေမတဲ့။ ဖြစ်ပါ့မလား သပ္ပုရိသအနွယ်ဝင် သူတော်စင်စာရှုသူ။

စာရေးဆရာကြီး ဗန်းမော်တင်အောင်ကတော့ ရေးခဲ့ဖူးသဗျ။ သတ္တဝါတွေထဲမှာတဲ့ ရယ်တတ်တဲ့သတ္တဝါဟာ လူသားမျိုးနွယ်တစ်ခုတည်းပဲရှိတာတဲ့။ ဒါပေမဲ့ မြန်မာနိုင်ငံက လူတွေက ဘာဖြစ်လို့များ ရယ်ရယ်မောမောနဲ့ မနေကြတော့ဘဲ မှုန်ကုပ်ကုပ်ကြီးတွေ၊ ငူတူတူကြီးတွေ၊ ငိုင်တိုင်တိုင်ကြီးတွေ ဖြစ်ကုန်ကြရသလဲမသိဘူးတဲ့။ အခုစုံနံ့သာမြိုင်တော ထဲကအုပ်စိုးသူ မြေခွေးတို့အဖွဲ့က ဒါကိုမကျေနပ်တာတဲ့။ လူကလွဲရင် တိရစ္ဆာန်တွေက မရယ်တတ်ကြဘူးဆိုတာကို မခံချင်ကြတာတဲ့။ ဒါ တိရစ္ဆာန်လောကကို နှိမ်တာတဲ့။ တစ်လအတွင်း တစ်တောလုံးကို ဝါးဟားဟားဖြစ်အောင် လုပ်ပြမယ်တဲ့။ အဲသည်မှာတင် ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့ဆိုတဲ့ သင်တန်းကြီးဖွင့်ဖို့စိတ်ကူးမိပြီး ကျုန်ပ်ဂျက်ကွမ်းခြံကုန်းကို ကူညီလမ်းညွှန်ပေးဖို့ ပန်ကြားရန် စိတ်ကူးရလာကြတာ ဆိုပါကလား။

(သုံး)

သတ္တဝါတွေဟာ ဘယ်အခါမှာ ရယ်ကြပြုံးကြသလဲဗျ။ ဂျက်ကတော့ ပျော်တုန်းမှာ ပြုံးရွှင်ကြစမြဲလို့ ထင်မိတာပါပဲ။

အဲ...ဖတ်ထားတာလေးတွေထဲက မှတ်မိတာကလေးတစ်ခုလောက်
mgyoe.com

တော့ ဖောက်သည်ချပါရစေဦး။ ဟိုတုန်းက တိုင်းပြည်တစ်ပြည်ရဲ့ တိုးတက်မှုကို တိုင်းတဲ့အခါ GDP လို့ အတိုကောက်ခေါ်ကြတဲ့ Gross Domestic Product ခေါ် အသားတင်ထုတ်ကုန်စုစုပေါင်းပမာဏနဲ့ တိုင်းတာကြလေသတဲ့။ နောက်တော့ ပြောင်းသွားသဗျ။ ပသို့ပင်ထုတ်ကုန်ပမာဏများပြားနေပါစေ၊ နိုင်ငံသားတို့ ပြုံးရယ်ရွှင်ပြမရှိကြသော် ယင်းငှင်းနိုင်ငံသည် တိုးတက်သည်မမည်တဲ့။ ကောင်းလိုက်တာ။ ထမင်းတော့ စားနေရပါရဲ့။ မျက်ရည်နဲ့မျက်ခွက်ဆိုရင် ကောင်းနိုင်ပါမတဲ့လား။

ဟော...အဲဒါကြောင့် အခုက GNH ဖြစ်သွားပြီတဲ့ခင်ဗျ။ Gross National Happiness ဆိုလား။ နိုင်ငံတိုးတက်တယ်ဆိုတာကို နိုင်ငံသားတို့ ပျော်မြူးပြုံးရွှင်တာနဲ့ တိုင်းတာမှာတဲ့။ အဲဒါက ဘူတန်နိုင်ငံ (Bhutan) ဘုရင်ဂျစ်ဂမီခင်းဂျီးဝမ်ချုပ်က စတာဆိုပါကလား။ ကုလသမဂ္ဂကို အဆိုပြုတာ ၂၀၁၁ က လက်ခံလိုက်ပါပြီတဲ့။

ဟုတ်ပါတယ်ဗျာ။ အထပ် နှစ်ဆယ်မြင့်တဲ့ တိုက်ကြီးပေါ်မှာ မျက်နှာမဲ့နေရတာထက်စာရင် မြက်ခင်းစိမ်းစိမ်းပေါ်မှာ ပါးစပ်ကြီးပြဲအောင် ဖြဲထားရတာက လူဖြစ်ကျိုးမနပ်ပါလား။

စင်ကာပူကြည့်လေ။ Gallup ဆိုတဲ့ စစ်တမ်းကောက်ယူရေးအဖွဲ့ က စာရင်းကောက်တဲ့အခါ စင်ကာပူဟာ လူတွေမပျော်ရွှင်ဆုံးနိုင်ငံတဲ့။ ခံစားချက်အမဲ့ဆုံးနိုင်ငံ။ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနေပြီး စက်ရုပ်တွေလိုဖြစ်နေတာ မှန်သလား၊ မှားသလား အဲဒါခင်ဗျားတို့ပဲ ဖြေ။

အင်း.....ဒါကို သိလို့ထင်ပါရဲ့။ လူတွေပြုံးမှ တိုင်းပြည်တိုးတက်တယ်လို့ယူဆတဲ့ တရုတ်ပြည်က ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲကြီးကျင်းပခဲ့တုန်းကများဆို ဘေဂျင်း (Beijing) ဟာ ပြုံးပန်းဝေဆာမြို့တော်ဖြစ်ရမယ်ဆိုပြီး တာဝန်ရှိသူ လျူကျုန်က နှိုးဆော်ခဲ့သေးတယ်လေ။ သွားမပေါ်ရဘူးတဲ့။ နှုတ်ခမ်းနဲ့ မျက်လုံးဟာ ပြုံးယောင်သမ်းနေရမယ်တဲ့။ အိုလံပစ်ပွဲတော်လာ ပရိသတ်က မြင်တာနဲ့ တရုတ်တွေပျော်လို့၊ ရွှင်လို့၊ ပြုံးလို့၊ ရယ်လို့ဆိုတဲ့ မှတ်ချက်ပေးကြစေဖို့အလို့ငှာ ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့ကြစေတဲ့ ကဲပါဗျာ၊ အဲဒါတွေထားလိုက်ပါ။

mgyoe.com

mgyoe.com

အခုဟာက ကမ္ဘာပေါ်မှာ တစ်ဦးတည်းသော ပြုံးတတ်သူ သတ္တဝါဖြစ်တဲ့ လူသားများကို တုပကာ စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်ကမ္ဘာဟာလည်း ပြုံးလို့၊ ရွှင်လို့၊ ရယ်လို့၊ မောလို့ဆိုတဲ့ အနေအထားပါလို့ ဆိုကာ ကမ္ဘာကိုချပြချင်တဲ့အတွက် ရယ်ရွှင်ပြုံးတို့မပြုံးတို့သင်တန်းကြီး ဖွင့်ကာ ရယ်ရွှင်ပြုံးနည်းသင်ပေးမလို့ ဆိုပါလား။ အဲသဟာ ဂျက်ကို သင်တန်းပေးရမယ်ဆိုပြီး လာရောက်ဖိတ်ကြားအကူအညီတောင်းလေတာပါတဲ့။ ရယ်အောင် ဘယ်လိုလုပ်ရပါ့။ ခက်ကပြီ။

(လေး)

လှတော့ အလှသားဗျ။ ဂျက်ကွမ်းခြံကုန်းက သတိလို့အော်လိုက်တာနဲ့ စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်တွေ သတိဆွဲထားလိုက်ကြတာ ညီနေတာပဲ။

"တစ်နှစ်သုံးစ....ရယ်"

ဂျက်ကအဲသလို ဝမ်းတူးသရီးခေါ်ပြီး စလည်းရယ်ဖို့ ခိုင်းလိုက်ပါလေရော။ တစ်ကောင်မှ မရယ်ကြဘူးဗျ။ ဘယ့်နှာဖြစ်ပါလိမ့်။

Laughing Club ဆိုတာကို သွားသတိရလိုက်တာ။ တရုတ်နိုင်ငံတောင်ပိုင်း ဝူမ်ဒေါင်းပြည်နယ်၊ ရှန်ဇန်းရင်ပြင်မှာ မနက်တိုင်းလူ ၁,၀၀၀လောက်စုစုပြီး ရယ်ကြတဲ့ ကလပ်လေ။ အဲသည်က ပထမဦးဆုံးအသင်းသား ကျန်လီဆင်ကိုသာ ခေါ်ပြီးရယ်ခိုင်းစေချင်လိုက်တာ။

"ရယ်ကြပါ၊ ရယ်ကြပါ ခင်ဗျားတို့ဘဝတွေဟာ နေတတ်ရင် ပျော်စရာတွေပါ သောကဆိုတာ စိတ်ထဲမှာ ထည့်မထားရင် ပျော်စရာအတိပါ"

စပါးကြီးမြွေကြီးရဲ့ စိုက်ကြည့်တာကို ခံနေရတဲ့ ဒရယ်လေးတစ်ကောင်က မရယ်ဘူးဗျ။ ချေငယ်၊ စိုင်၊ ဆတ်၊ သမင်ကလေးတို့ကလည်း မျက်စိပေကလတ်ပေကလတ်နဲ့ ကျားကြီးတွေ၊ ကျားသစ်ကြီးတွေ၊ ခြင်္သေ့ကြီးတွေကို မဝံ့မရဲ လှမ်းကြည့်ကာ လုံးဝကို ပြုံးမလာတော့တာပါ။

"ရယ်လိုက်ကြစမ်းပါ"

စုံနံ့သာမြိုင် တောကြီးဟာ ရွှင်မြူးစရာကြီးပါ"

ခြေထောက်မှာ သံကြိုးကြီးတွေတန်းလန်းနဲ့ သစ်ဆွဲဆင်ကြီးတွေက ဂျက်ကို စွေပြီးကြည့်နေကြတယ်။ မရယ်ဘူး။ ပခုံးမှာ အသားမာတွေက

mgyoe.com

mgyoe.com

ထုကြီးထည်ကြီးတက်နေတဲ့ ကျွဲတွေနွားတွေဟာလည်း မျက်ရည်ပူကြီး တွေ တွေတွေစီးကျလို့ မရယ်ကြပါလားဗျာ။

"ကိုကျွဲကြီးတို့ ကိုနွားကြီးတို့ ပါးစပ်မှာ ခြင်းကြားကြီးတွေကို တပ်ထားဘိလင့်ကစား ပြုံးလိုက်ကြစမ်းပါခင်ဗျ"

ဘယ်လိုပြောလို့မှ မပြုံးတာပါဗျာ။ မျက်နှာမှာ အိုးမည်းအလူးလူးနဲ့ခွပ်လက်စကြက်ဖနှစ်ကောင်ကလည်း သွေးရဲရဲ၊ သံရဲရဲနဲ့ နည်းနည်းမှ မပြုံးဘူး။ လက်ပံပင်ကြီးသုံးပင် လှဲပစ်လိုက်လို့ ဘုံပျောက်သွားတဲ့ ဆက်ရက်တွေရယ်၊ တမာနဲ့ ထနောင်းကိုခုတ်ခုတ်ပြီး ရောင်းလိုက်လို့ တွယ်ရာမဲ့သွားတဲ့ချိုးငှက်နဲ့ ဥဩတို့ကလည်း ရယ်ဖို့နေနေသာသာ လွမ်းတေးကို ပင်သီလို့နေပါရောလား။ တောင်ပို့ကြီးပျောက်သွားလို့ဆိုတဲ့ ပလူနဲ့ပုရွက်တွေကလည်း စုစု စုစု၊ ချောင်းရေပြင်ခန်းသွားသမို့ လိုက်တမ်းပြေးတမ်းတောင် မကစားရတော့ဘူးဆိုတဲ့ ဖျံကြီးတွေကလည်း စူပွ၊ စူပွ၊ အဲဒါကို ဂျက်ကွမ်းခြံကုန်းက ရယ်ကြဟ၊ ရယ်ကြဟနဲ့ လုပ်ရသည်ကဖြင့် ခက် တော့ ခက်လှပါကလား။ သူတော်စင် စာရှုသူ။

နောက်ဆုံးမှာ ဂျက်ကွမ်းခြံကုန်း ဘာလုပ်ရမှန်း မသိတော့တာနဲ့ ဆိုရိုးစကားလေးတစ်ခွန်းပြောပြီး လေချိုသွေးရလေသဗျ။

"ပြုံးပြုံးရွှင်ရွှင်လေး နေကြပါဗျာ၊ ရယ်သောသူသည် အသက်ရှည်၏လို့ အဆိုရှိတယ် မဟုတ်လား"

ဂျက်စကားမှ မဆုံးသေးပါဘူးဗျာ။ ဝုန်းဆို ဘယ်တိရစ္ဆာန်က ထပြောလိုက်မှန်းမသိပါဘူး။

"အဲဒါလူတွေအတွက် ဆိုရိုးဗျ ကျုပ်တို့က တိရစ္ဆာန်၊ အနို့ နေပါဦး ခင်ဗျားတို့ဆီမှာရော လူတိုင်းလူတိုင်း ရယ်ရယ်မောမော၊ ပြုံးပြုံးရွှင်ရွှင် နဲ့ လူသားပီပီ နေကြတယ်တဲ့လား"

ဂျက်ကွမ်းခြံကုန်းဘဇာသို့ ပြန်လည်ဖြေရှင်းပြောဆိုရမလဲဆိုတာကို မသိနိုင်တော့။ ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့သင်တန်းကြီးဟူသည့် ဆိုင်းဘုတ်အောက်၌ ငို၍၊ ရယ်၍ မရသော မျက်နှာမျိုးဖြစ်ပါကြောင်းဟူလို တမုံ့တကား။

■

mgyoe.com

# ယုန်ပျက်နှာဒို့
# မြွေးအသည်း



mgyoe.com

# ယုန်မျက်နှာနဲ့ မြေခွေးအသည်း

(တစ်)

ဖြစ်ပါ့မလား မြေခွေးမင်းရဲ့။ လွယ်မယ်မထင်ပါဘူး ဆရာမြေခွေး ရာ။ တော်တော်တော့ ခက်ခက်ခဲခဲ လုပ်ရလိမ့်မယ်ထင်ပါ့ တောရဲ့ထိပ် ခေါင် မြေခွေးမောင်။

အဲသည့် စကားတွေဟာ မြေခွေးက ဂျက်ကိုတစ်ခွန်းပြောတိုင်း ဂျက်က ပြန်ပြန်ပြီးပြောတဲ့စကားတွေပါ။ ဟုတ်တယ်လေ။ မျက်နှာချင်းလဲပစ်မယ် ဆိုတဲ့ကိစ္စဟာ လွယ်လွယ်ကူကူနဲ့ ဖြစ်နိုင်ပါ့မလားဗျာရယ်။ ပြီးတော့ လည်း လဲမှာက ယုန်ရဲ့မျက်နှာနဲ့တဲ့။ စုံနံ့သာမြိုင်တောကို အုပ်ချုပ်နေတဲ့ မြေခွေးမင်း ဘယ့်နှာသို့သောစိတ်ကူးမျိုး ပေါ်ထွက်လာခဲ့လေသလဲမဆို တတ်။ မြင်းတစ်ကောင် လွှတ်ပြီး ဂျက်ကိုတင်ဆောင်လို့ခေါ်ယူလာခဲ့စေ ကာ ရောက်ရောက်ချင်း နွားနို့တိုက် ငှက်သိုက်နဲ့ ဧည့်ခံကျွေးမွေးပြီး လေ တဲ့အခါ သူ့မျက်နှာကို လဲလှယ်ပစ်လိုကြောင်း စပြောတော့တာပါပဲ။

ယုန်ကလေးရဲ့ မျက်နှာနဲ့လဲချင်တာပါ ဆရာကြီး ဂျက်ရာတဲ့။ ဒေါက် တာပီတာဘတ်တလာကို ရအောင်ခေါ်ပေးစမ်းပါတဲ့။ ပြောပုံက။

အဲသည့်မှာ လူထုအချစ်တော် ဂျက်ကွမ်းခြံကုန်းကြီး စိတ်ညစ်သွား

mgyoe.com

mgyoe.com

ပြီး မဆွကပြောခဲ့သလို ဖြစ်ပါ့မလားတို့၊ လွယ်မယ်မထင်ပါဘူး တို့၊ခက်ခက်ခဲခဲလုပ်ရလိမ့်မယ်၊ တို့ဆိုတဲ့စကားတွေကို ပြောမိခဲ့တာပါ။ ဟုတ်တယ်လေ မြေခွေးမျက်နှာနဲ့ ယုန်မျက်နှာလဲလို့ လွယ်ပါ့မလား။ စုံနံ့သာမြိုင် ဦးသျှောင်မြေခွေးမောင်ကတော့ နည်းနည်းကလေးမှကို လက်မလျှော့ဘူးဆိုတဲ့ပုံပါ။ လိုအပ်သလောက်ဒေါ်လာအသပြာကိုသာ ဆရာကြီးဂျက်ယူဆောင်သွား။ လက်မတွန့်စတမ်း ပေးလိုက်မယ်။ ဒေါက်တာပီတာဘတ်တလာကိုတော့ ရအောင်ကိုခေါ်ခဲ့ရမယ်။ ဒါပဲဆိုတဲ့သဘော။

(နှစ်)

ဒေါက်တာပီတာဘတ်တလာဆိုတာကို စာရှုသူတို့လည်း ကြားဖူးချင်ကြားဖူးကြမှာပါ။ အလွန်အင်မတန် ထူးချွန်တဲ့ ခွဲစိတ်ကုဆရာဝန်ကြီး ပေါ့။ လန်ဒန်က ဆရာဝန်။ သူ့အလုပ်လုပ်တာက Royal Free Hospital ဆေးရုံကြီးမှာ။ တစ်နေ့ လန်ဒန်မှာ ဗြိတိသျှဆရာဝန်များအသင်းအစည်းအဝေးပွဲကြီး လုပ်လေသတဲ့။ အဲသည့်မှာ လူတစ်ယောက်နဲ့ လူတစ်ယောက်မျက်နှာကို လှီးဖြတ်ပြီး လဲလှယ်တပ်ယူနိုင်ရေးကိစ္စ ဆွေးနွေးကြပါလေသတဲ့။ သက်ဆိုင်ရာကလည်း လုပ်သင့်မလုပ်သင့် စဉ်းစားနေကြရတုန်းပါတဲ့။

မျက်နှာအရေပြားချင်း ဖြတ်လဲကြတဲ့အခါ ရှင်နေတဲ့လူအချင်းချင်းလဲရင် ဘယ်အချိန်ဖြတ်လဲလဲ ရပေမယ့် သေဆုံးသူရဲ့မျက်နှာနဲ့ လဲမယ်ဆိုရင်တော့ သေဆုံးပြီးတစ်နာရီအတွင်းမှာ လဲမှရမယ်ဆိုလား။ အဲဒါ ဆေးပညာကျင့်ဝတ်အရ သင့်တာ၊ မသင့်တာ အသာထား။ စုံနံ့သာမြိုင်တောကို အုပ်ချုပ်နေတဲ့ မြေခွေးကတော့ ကြားတာနဲ့ ဂျက်ကိုလှမ်းခေါ်ပြီလေ။ ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာပီတာဘတ်တလာကို ရအောင်ခေါ်လာပေးရလေမတဲ့။ လိုသလောက်သုံးဆိုပြီး သွန်ချလိုက်တဲ့ ဒေါ်လာတွေကဖွေးဖွေးလှုပ်လှုပ်။

(သုံး)

သေတဲ့လူရဲ့ မျက်နှာနဲ့ပဲလဲ တပ်တပ်၊ ရှင်တဲ့လူရဲ့ မျက်နှာနဲ့ပဲလဲ တပ်တပ်၊ ဆေးပညာကျင့်ဝတ်အရ ဘယ့်နှယ်ဆုံးဖြတ်ကြမယ်ဆိုတာကို မသိနိုင်သေးဘိလင့်ကစား ဟောစိတ်ကူးယဉ်ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာ

mgyoe.com

mgyoe.com


ကတော့ မျက်နှာချင်းလဲလှယ်လို့ တပ်ကုန်ကြပါလေရော့ကလား သူတော်ကောင်း စာဖတ်သူ။

ဂျက်ကွမ်းခြံကုန်း ကြည့်ရှုဖူးတဲ့ ရုပ်ရှင်ဇာတ်လမ်းကလေးတစ်ပုဒ်လောက် ဖောက်သည်ချပါရစေလား။ Face off တဲ့ဗျ။ အဲဒါက ရုပ်ရှင်ဇာတ်ကားနာမည်ပါ။ မင်းသားတွေကတော့ ကမ္ဘာ့အကျော်အမော်ထိပ်သီးဆိုတဲ့လူတွေချည်းပါပဲ။ နီကိုလပ်ကေ့ဂျ် (Nicolas Cage) တဲ့။ ဂျွန်ထရာဗိုလ်တာ (John Travolta) တဲ့။

ဂျွန်ထရာဗိုလ်တာက ရဲ။ နီကိုလပ်ကေ့ဂျ်က ရာဇဝင်လူဆိုး။ တစ်ကြိမ်မှာ ရာဇဝင်လူဆိုး နီကိုလပ်ကေ့ဂျ်ကို ဖမ်းမိရာက ထောင်ချပစ်လိုက်ပါတယ်။ အဲသည့်မှာ အာဏာပိုင်တွေ အကြံရသွားတာက ဖမ်းမိထားတဲ့ ရာဇဝင်လူဆိုးနီကိုလပ်ကေ့ဂျ်ရဲ့ မျက်နှာနဲ့ ရဲအရာရှိ ဂျွန်ထရာဗိုလ်တာရဲ့မျက်နှာကိုလဲပြီးတပ် ရာဇဝင်လူဆိုးနီကိုလပ်ကေ့ဂျ်ကို လုံခြုံအောင်ထိန်းသိမ်းထား၊ ရဲအရာရှိ ဂျွန်ထရာဗိုလ်တာကလည်း ရာဇဝင်လူဆိုးမျက်နှာနဲ့ လူဖြစ်သွားပြီမို့ သူ့ကိုထောင်ထဲပြန်ဆောင်ထည့်သွင်းပြီး ရာဇဝင်လူဆိုးသူခိုးတို့ရဲ့ ဒုစရိုက်လောက ထိပ်တန်းလျှို့ဝှက်ချက်တွေကို ရယူကာ နှိမ်နင်းပစ်ဖို့ဆိုတဲ့ အကြံပါ။ ကြံစည်တဲ့အတိုင်းလည်း အထူးလျှို့ဝှက်စွာ လုပ်ဆောင်ခဲ့ကြပါတယ်။

ဒါပေမဲ့ မထင်မှတ်ဘဲ ဝင်ရောက်လာတဲ့ အဖျက်အမှောင့်က ရာဇဝင်လူဆိုး နီကိုလပ်ကေ့ဂျ် နိုးလာတာပါ။ စမ်းသပ်ခန်းထဲကမှန်မှာ သူ့ကိုယ်သူကြည့်တော့ ပထမအံ့သြသွားပါတယ်။ ရဲအရာရှိ ဂျွန်ထရာဗိုလ်တာရဲ့ မျက်နှာကြီးနဲ့ ဖြစ်နေတာကိုး။ နောက်တော့ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသဗျ။ သူတို့ကို မျက်နှာချင်းလဲတပ်ပေးခဲ့တဲ့ ခွဲစိတ်ကုဆရာဝန်ကြီးကို သတ်ပါတယ်။ ထိပ်တန်းရဲအရာရှိကြီးနှစ်ယောက်၊ သုံးယောက်လောက်ကို ထပ်သတ်ပါတယ်။ ကိစ္စပြတ်သွားပြီဆိုပါတော့။ မျက်နှာချင်းလဲတပ်ပေးထားတဲ့ ထိပ်တန်းလျှို့ဝှက်ကိစ္စကို သိရှိသူတွေ အကုန်အရှင်းခံလိုက်ရတာဟာ ကိစ္စပြတ်သွားတာပဲပေါ့။ ကာယကံရှင်နှစ်ယောက်ကလွဲရင် ဘယ်သူမှမသိတော့တဲ့ ဇာတ်လမ်း။ ရဲအရာရှိမျက်နှာနဲ့ဖြစ်သွားတဲ့ ရာဇဝင်လူဆိုးက လျှောက်ရမ်းကားတာကို ရာဇဝင်လူဆိုးမျက်နှာနဲ့ ရဲအရာရှိက လိုက်

mgyoe.com

mgyoe.com


ရှင်းရတဲ့ နာမည်ကျော်ရုပ်ရှင်ကားပါ။ နာမည်ကျော်သရုပ်ဆောင်တွေနဲ့ အကောင်းစားရိုက်ချက်တွေနဲ့ မျက်နှာအရေပြားတွေကို လှီးပြီးပြန်ချုပ်နေတဲ့ ရိုက်ချက်တွေဟာ အသည်းတယားယားကြည့်ရတဲ့ ရိုက်ချက်တွေပေါ့။

အဲဒါက ရုပ်ရှင်ပါ။ အနို့သော်လန်ဒန်က ဒေါက်တာပီတာဘတ်တလာတို့ လုပ်မယ်ဆိုတာက တကယ်ပါ။

အခု…ယင်းငှင်းအဲသဟာကို ဂျာနယ်ထဲက သိလို့လား၊ အင်တာနက်ထဲက သိလို့လား၊ ဘယ်သို့ ဘယ့်နှာသိသွားလေသလဲ မဆိုတတ်။ စုံနံ့သာမြိုင်တောထဲက ထိပ်တန်းခေါင်းဆောင် မြေခွေးက ယုန်ကလေးရဲ့မျက်နှာနဲ့ လဲတပ်ချင်တယ်ဆိုလား။

"လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် မျက်နှာက အဓိကဆရာကြီးဂျက်ရဲ့။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့၊ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဟိုချီမင်းတို့၊ မဟတ္တမဂန္ဒီတို့၊ မာသာထရီစာတို့၊ အဲလ်ဘတ်အိုင်းစတိုင်းတို့ ခင်ဗျား ကြည့်စမ်းဗျာ….ရိုးတာ၊ ဖြောင့်တာ၊ မာနကင်းတာ၊ မေတ္တာကြီးတာ၊ ဉာဏ်ရှင်တာ…သူတို့မျက်နှာကြီးတွေမှာ ထင်းခနဲနေတာပဲဗျာ…ကျုပ်…ယုန်ကလေးရဲ့မျက်နှာနဲ့ လဲချင်တာက…အပြစ်ကင်းစင်တဲ့၊ ဒေါသကင်းစင်တဲ့ …အေးချမ်းတဲ့ မျက်နှာကလေးနဲ့ပါလားလို့ စုံနံ့သာမြိုင်မှာ ခိုမှီးနေထိုင်ကြကုန်သော တောရဲ့သတ္တဝါအပေါင်းတို့က … ကျွန်ုပ်မြေခွေးမင်းကို အထင်ရောက်စေချင်လို့ဗျ။

အဲသဟာ မြေခွေးစကားပါ။ ကဲပါစကားကို ချုပ်ကြရအောင်။ ဂျက်ကွမ်းခြံကုန်းကြီးလည်း အကျိုးဆောင်သူတို့ရဲ့ ထုံးတမ်းစဉ်လာအတိုင်း လေယာဉ်လက်မှတ်ဝယ်၊ ခွဲစိတ်ကုဆရာဝန်ကြီးကိုပင့်၊ စုံနံ့သာမြိုင်တောရှိရာဆီသို့ ခေါ်ဆောင်သွား၊ ဖြတ်တောက်ချုပ်လုပ်၊ မြေခွေးဟာ ယုန်မျက်နှာနဲ့ အဟုတ်ကို ဖြစ်သွားပါလေရော။

မကြာဘူးဗျ။ မြေခွေး ဂျက်ကွမ်းခြံကုန်းဆီ ရောက်လာပြန်ပါလေ ရော။ ဘာတဲ့။ သူ့ကို တိရစ္ဆာန်အပေါင်းက ရွံမြဲရွံ၊ ကြောက်မြဲကြောက်နေလို့ဆိုလား။

"ကျွန်ုပ်မိမိကို…ချစ်လည်း မချစ်ကြ…
သနားလည်း မသနားကြပါကလား။

mgyoe.com

mgyoe.com


ဂျက်အာစရိ ခက်ပါဘိဗျာ...

ယုန်မျက်နှာကလေးကိုမှ အားမနာ”

အဲသဟာ မြေခွေးရဲ့ ညည်းညူသံဗျ။ အဲသမှာ ဂျက်ဆက်မေးမိတာက ခင်ဗျားသားကောင်တွေကို အမဲလိုက်နေတုန်းလားဆိုတော့ လိုက်နေတုန်းတဲ့။ အသားကြိုက်နေတုန်းလားဆိုတော့ ကြိုက်နေတုန်းတဲ့။ ပရိယာယ်ဝေဝုစ်များနေတုန်းလားဆိုတော့ များနေတုန်းတဲ့။ ဒါနဲ့ ဂျက်က ပြောရပါတယ်။ တိရစ္ဆာန်အပေါင်းရဲ့ မေတ္တာတရားကို ရရှိရာရရှိကြောင်းကတော့ အသည်းနှလုံးကိုပါ ပြောင်းပစ်ရမှာကို မြေခွေးရဲ့လို့။ အကျင့်တွေ၊ စရိုက်တွေ၊ သဘောထားတွေကိုပါ ပြောင်းရမှာလို့။

နည်းနည်းတော့ တွေသွားသဗျ။ မျက်နှာတစ်ခုတည်း ကွက်ပြောင်းရုံနဲ့ စုံနံ့သာမြိုင်တောကြီး ပြောင်းမှာမှ မဟုတ်တာ။ အေးလေ...အထူးကု ဆရာဝန်ကြီးတွေကလည်း မျက်နှာတစ်ခုတည်းပဲ ပြောင်းတပ်ဖို့ ကြိုးစားနေကြတယ်။ စိတ်နေစိတ်ထားတွေ၊ သဘောထားတွေ၊ အယူအဆတွေ၊ ခံစားမှုတွေ၊ ကိုယ်ကျင့်တရားတွေကိုရော ပြောင်းတပ်လို့ရအောင် မကြိုးစားကြတော့ဘူးလား။

မြေခွေးကို ဘယ်လိုလုပ်ပေးရပါ့မလဲဗျာရယ်။ ။

■

mgyoe.com

mgyoe.com

# စည်သာမြိုင်က
# သက်သတ်လွတ်ပွဲတော်



mgyoe.com

mgyoe.com

# စုံနံ့သာမြိုင်က သက်သတ်လွတ်ပွဲတော်

## (တစ်)

စုံနံ့သာမြိုင်တောကြီးထဲမှာ အခုတစ်ခါလောက် စည်စည်ကားကား ရှိတဲ့ပွဲမျိုး တစ်ခါမှ ဂျက်ကွမ်းခြံကုန်း မကြုံဖူးပေါင်ဗျာ။ ဟုတ်တယ်။ သည်ပွဲက တော်တော့ကို စည်တယ်။ ဘာတဲ့ ဘက်ဂျီတေရီယန်စ်ဒေးဆို လား။ ဂျက်ကွမ်းခြံကုန်းပြုံးမိတယ်ဗျူ။ သဘောကျလို့ပါ။ ခေတ်မီတီရစ္ဆာန် တွေပဲလို့ စိတ်ထဲက အောက်မေ့မိလို့ပါ။ အင်္ဂလိပ်စာနဲ့ ဘာနဲ့။ ဟုတ်ပ။

အားလုံးသိတော်မူကြတဲ့အတိုင်း ဘက်ဂျီတေးဘဲလ် (Vegetable) ဆိုတာက အသီးအရွက်။ ဘက်ဂျီတေရီယန် (Vegetarian) ဆိုတာက အသီးအရွက်ပဲစားတဲ့သူ။ တစ်နည်းအားဖြင့် သက်သတ်လွတ်သမား။ သည်တော့ Vegetarians Day ဆိုတော့ကာ သက်သတ်လွတ်စားသူ များနေ့၊ ဒါမှမဟုတ် သက်သတ်လွတ်စားသူများပွဲတော်လို့ပဲ ဆိုလိုက်ကြ ပါစို့ရဲ့ဗျာ။

စုံနံ့သာမြိုင်တောထဲမှာ အဲသည် Vegetarians Day ဆိုတာကြီး ကို ကျင်းပလို့ ဂျက်ကွမ်းခြံကုန်းက ရောက်သွားရတာပါခင်ဗျူ။ ဂျက် ကွမ်းခြံကုန်းကြီးတို့ နေထိုင်တဲ့ သပွတ်အူကျေးရွာဆိုတာနဲ့ အဲသည်စုံနံ့

mgyoe.com

mgyoe.com
သာမြိုင်ဆိုတဲ့ တိရစ္ဆာန်တို့ရဲ့ကမ္ဘာဟာ နှစ်ရွာတစ်ရွာလို ဖြစ်နေကြတာမို့ ကူးလူးဆက်ဆံမှုကလေး ဘာလေးနည်းနည်းပါးပါးရှိကြတဲ့အထဲမှာ ဂျက်ကွမ်းခြံကုန်းကတော့ အထူးဧည့်သည်တော်ကြီးလို ဖြစ်နေတာမို့ သာမှုဆိုလည်း ဖွေ့ခနဲ၊ နာမှုဆိုလည်း ဖွေ့ခနဲရောက်ရောက်သွားရတဲ့ ဘဝပါ။

အခုကြည့်။ Vegetarians Day။ သူတစ်ပါးအသက်သတ်မစားသူများပွဲတော်။ ရောက်ခဲ့ရပြန်ပါပေါ့ စုံနံ့သာမြိုင်။

## (နှစ်)

သူတစ်ပါးအသက်သတ်၍ မစားသူများပွဲတော် ကျင်းပဖို့ စိတ်ကူးရလာသူက ခြသေ့ံတဲ့ဗျ။ မဆန်းဘူးလား။ အဲ...တစ်ခုတော့ရှိတာပေါ့။ ခြသေ့ံငယ်၊ ခြသေ့ံရွယ်၊ ခြသေ့ံပျို၊ ခြသေ့ံလုလင်၊ ခြသေ့ံသန်တုန်းမြန်တုန်းကလေးတော့ မဟုတ်ဘူးပေါ့။ ခြသေ့ံအအိုအမင်းကြီး။ လမ်းတောင်မှ ကောင်းကောင်းမလျှောက်နိုင်တော့ပါဘူး။ ခမျာ သွားတွေဆိုတာတစ်ချောင်းမှကို မရှိတော့တာ။ မျက်လုံးတွေက သီဝေလို့။ အဲသည့်ခြသေ့ံအိုကြီးက စိတ်ကူးရတာ။ Vegetarians Day (သို့မဟုတ်) သူတစ်ပါးအသက် သတ်၍ မစားသူများပွဲတော်။

တစ်နေ့ ခြသေ့ံအိုကြီးက ယုန်တစ်ကောင်နဲ့ တွေ့တုန်းတွေ့ခိုက် ယင်းငှင်းအနီးနေ့ကို စုံနံ့သာမြိုင်တောကြီးအတွင်းမှာ ကျင်းပသင့်ကြောင်း အကြံပေးရာက ယုန်တွေကြားထဲမှာ ဟုတ်ပ့ါဟုတ်ပ့ါ ဖြစ်သွားခဲ့ပြီးတဲ့သကာလဘာကြာတာမှတ်လို့ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်၊ ကျွဲ၊ နွား၊ မြင်းအပြင် သိုး၊ ဆိတ်၊ ဆင်တို့ကပါ အဲသည့်အကြံကို ထောက်ခံရာမှာ ပါဝင်ခဲ့ကြပြီး ဟောခုတော့ဖြင့် Vegetarians Day ပါတဲ့ခင်ဗျ။ သူတော်ကောင်းသူမြတ်လောင်း အဆွေစာရှုသူ။

မဟော်ဂနီပင်ကြီးတစ်ပင်နဲ့ လက်ပံပင်ကြီးတစ်ပင်ရဲ့ကြားထဲမှာ Vinyl ကြီးချိတ်ဆွဲလို့။ အဲသည့် သူတစ်ပါးအသက်သတ်၍ မစားသူများပွဲတော်ကြီးက ဖိတ်မန္တကပြုလာပါသဖြင့် ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းခမျာ မငြင်းသာဘဲ ရောက်ရှိခဲ့ရပါကြောင်း။

## (သုံး)

စုံနံ့သာမြိုင် တောထဲကို ရောက်ရောက်ချင်း ဂျက်ကွမ်းခြံကုန်းကို
mgyoe.com

mgyoe.com

ညှော်ခံတာက အဲသည့်ခြသေ့်အိုကြီးပါပဲ။ စားပွဲပေါ်မှာ တင်ထားတဲ့ ဝက်ပေါင်ခြောက်တွေ၊ ကြက်သားကြော်တွေ၊ အမဲသားနှပ်တွေ၊ သိုးသားကင်တွေကိုကြည့်ပြီး ဂျက်ကွမ်းခြ်ကုန်း အံ့သြသွားတာပေါ့။ အဲသဟာနဲ့ မေးရပါတယ်။ သူတစ်ပါးအသက်သတ်၍ မစားသူများပွဲတော်ဆိုတာကို အဲသည့်ခြသေ့်အိုကြီးက အိုင်ဒီယာစိတ်ကူးစတင်လို့ရရှိခဲ့တာ မဟုတ်လား။ အခု သူ့စားပွဲခုံပေါ်မှာက အသားမျိုးအစုံစုံ။ ညှော်သည်ကိုလည်း တည်ခင်းညှော်ခံလို့။ သူကိုယ်တိုင်လည်း တမြုံ့မြုံ့နဲ့ မှိုဝဲလို့။ ဂျက်ကွမ်းခြ်ကုန်းစိတ်ထဲမှာ မရှင်းမရှင်းဖြစ်နေတဲ့အရိပ်က မျက်နှာပေါ်မှာ လာပြီးထင်နေပုံရပါတယ်။ မေးခွန်းမထုတ်ဘဲနဲ့ကို ခြသေ့်အိုကြီးက ပြည့်ပြည့်စုံစုံ ဖြေတော့တာပါ။

"ဆရာကြီးဂျက်ကို ကြည့်ရတာ မရှင်းမရှင်း ဖြစ်နေပုံရပါတယ်။ ကျုပ်အသက်ကြီးပြီဗျာ...သားကောင်တွေ၊ ဘာတွေကို နင်လား၊ ငါလားလိုက်နိုင်တဲ့ အခြေအနေလည်း မရှိတော့ဘူး...သွားတွေကလည်း တစ်ချောင်းမှမရှိတော့ဘူး...အဲသမှာ မြောက်ပြန်လေကလေး သွေးနေတဲ့ တစ်ည လမင်းကလည်း မသာ့တသာနဲ့ပေါ့....ကျုပ်သားကောင်ကို လိုက်မစားတော့ဘူးလို့ ဆုံးဖြတ်လိုက်မိတယ်...အဲဒါကို ယုန်တစ်ကောင်ကို ဖွင့်ပြောမိရာကသည်ပွဲကြီး ဖြစ်လာတာပါ....ပထမ တချို့ရဲ့ ဝေဖန်သံကလေးတွေ ထွက်လာတော့....ဘာဖြေရမှန်းမသိ...ကြောင်တက်တက်ကြီးဖြစ်သွားတာ ကျုပ်ဝန်ခံပါတယ်...ဒါပေမဲ့ ကံကလေးက ကောင်းချင်တော့ ကျုပ်က သူများပေးစာကမ်းစာဖမ်းလာတဲ့ ဟာကလေးတွေ စားနေရတဲ့ခြသေ့်...ဟိုဟာပေါ့ဗျာ...ပံ့သကူ ဆိုတာမျိုးပေါ့...သတ္တဝါတွေကို သေပါစေ ဘာညာ...ကျုပ်မှာရည်ရွယ်ချက်မရှိဘူး...သတ်ဖို့လည်း အားမထုတ်ဘူး...တောခေါင်းဆောင်ဟောင်းကြီးအနေနဲ့ သူများကျွေးတာကိုစားတာ...ဒါ့ကြောင့်မို့...သူတစ်ပါး အသက်သတ်၍ မစားသူများပွဲတော်အတွက်...ကျုပ် ဘာမှ...မသိုးမသန့်မဖြစ်ဘူး။ နာယကကြီးအဖြစ် မိန့်ခွန်းတောင် ကျုပ်က မြွက်ပေးရဦးမှာ"

## (လေး)

ပြောတဲ့အတိုင်းပါပဲ။ သူတစ်ပါးအသက်သတ်၍ မစားသူများပွဲတော်

mgyoe.com

mgyoe.com

ရဲ့ အဖွင့်အမှာစကားကို ပွဲတော်နာယက ခြသေ့်အိုကြီးကပဲ ပြောကြားပေးပါတယ်။

အသီးအရွက်စားတဲ့ သတ္တဝါတွေအားလုံး ပျော်လို့ပါးလို့။ အထူး သဖြင့် ပွဲတော်ကျင်းပတဲ့နေ့မှာ စုံနံ့သာမြိုင်တောကြီးအတွင်း မည်သည့် နေရာ၌မဆို တိရစ္ဆာန်များ တစ်ကောင်တစ်ကောင် သတ်မစားကြရလို့ တောရဲ့ဦးသျှောင် မြေခွေးက အမိန့်ထုတ်ပြန်ထားတာကိုး။

သည်ပွဲမှာ မိကျောင်းက သူ့ရဲ့ စန္ဒရားလက်သံနဲ့အတူ သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေပေးတယ်ခင်ဗျ။ "မိကျောင်းမှာလည်း အသည်းနဲ့ပါ" တဲ့။ တစ်တောလုံး မျက်ရည်ဖြိုင်ဖြိုင်သွန်းကြရတဲ့ တင်ဆက်မှုပါ။ ချောင်းစပ်မှာ ရေလာသောက်တဲ့ သမင်ကလေးတစ်ကောင်ကို ဆွဲစားမိလို့သမင်မကြီး တောင်ပြေးမြောက်ပြေးဖြစ်နေပုံကို မြင်ရတဲ့အတွက် မိကျောင်းရဲ့ ရင်ထဲမှာ မချိတာ၊ နွားပေါက်စကလေးတစ်ကောင်ရဲ့ နောက်ခြေထောက်ကို ဆွဲဟပ်ထားရာက လွတ်ထွက်သွားခဲ့ပြီး သည်နွားကလေး အခုထိခြေတစ်ပေါင်ကျိုးနဲ့သွားနေရကြောင်း သတင်းကြားလို့ ညညမိကျောင်းအိပ်မပျော်နိုင်တာ၊ ဒါတွေဟာ ငါ့ဝမ်းပူဆာမနေသာလို့ဆိုတဲ့ စကားအတိုင်း ဆာလောင်လွန်းလို့ လုပ်ခဲ့ရတာ။ သူတစ်ပါးအသားကို ကိုက်ဝါးနေရင်းက မိကျောင်းရင်ထဲမှာ မချိအောင်ခံစားရတာ၊ မိကျောင်းမှာလည်း အသည်းနဲ့ပါဆိုတာကို တိရစ္ဆာန်အပေါင်းတို့ သိစေချင်လိုက်တာဆိုတာတွေကို ဖွဲ့နွဲ့သီကုံးပြီး ဆိုသွားလိုက်တာတွေများ တစ်တောလုံး မျက်ရည်မဖြိုင်ရင် အဘယ်သူ ခံနိုင်မှာတဲ့တုံး စာရှုသူ။

ကျားသစ်ကတော့ ကဗျာတစ်ပုဒ်ရွတ်သဗျ။ ကျားငါးကောင်က ညီနောင်ရင်းချာ တိရစ္ဆာန်ကမ္ဘာဆိုတဲ့ အော်ပရာကလေးနဲ့ တင်ဆက်ပါတယ်။ မြေခွေးရဲ့ဇနီး မြေခွေးမကြီးက သူ့လင်တော်မောင်ကိုက်သတ်လို့ သေသွားရှာတဲ့ သိုးထီးကြီးရဲ့ဇနီး သိုးပေါက်စကလေးငါးကောင်နဲ့ သိုးမကြီးကို ဝမ်းနည်းကြောင်း အထိမ်းအမှတ်ဂုဏ်ပြုကတ်ပြားကလေး ချီးမြှင့်ပါတယ်။

သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်၊ ကျွဲ၊ နွား၊ မြင်းအပြင် သိုး၊ ဆိတ်၊ ဆင်တို့ကတော့ လက်ခေါက်မှုတ်ကြ၊ လက်ခုပ်တီးကြ၊ ဩဘာပေးကြပေါ့။

mgyoe.com

mgyoe.com


(ငါး)

ပွဲသိမ်းလို့စုံနံ့သာမြိုင်တောကနေ ဂျက်ကွမ်းခြံကုန်း ပြန်လုပြန်ခင်မှာ ခြသေ့်အိုကြီးနဲ့ စကားနည်းနည်းပြောဖြစ်ပါတယ်။ သူက...

"တောကောင်တို့ရဲ့ သဘာဝ အသားစားသူတွေကတော့ စားကြမှာ ပဲပေါ့....အနို့သော် သည်လိုပွဲကလေးတွေ.... တစ်နှစ်တစ်ခါ လုပ်လုပ်ပေး တော့ ခမျာများ ကျေနပ်ကြတာပေါ့" တဲ့။

ဒါနဲ့ ဂျက်က သူတစ်ပါးအသက်သတ်၍ မစားသူများပွဲတော် ကျင်းပ နေတဲ့ အခုလိုရက်မျိုးမှာတော့ ခြသေ့်တို့၊ ကျားတို့၊ ကျားသစ်တို့၊ မြေခွေး တို့ဗိုက်ဆာမှာပဲနေ၁်လို့ ပြောမိတော့ ခြသေ့်အိုကြီးက ပျာပျာသလဲ ငြင်းပါ တယ်။


"အို:....နိုး....နိုး...ပွဲတော်မတိုင်ခင် တစ်ရက်နှစ်ရက်ကတည်းက... ကြိုပြီးရှာထားတဲ့ အသားတွေ....ရေခဲသေတ္တာထဲမှာ ရှိပါတယ်" ဆိုလား။

ပွဲကြီးကဖြင့် စည်ကားသိုက်မြိုက်စွာ ဝှဲချီးလို့ပြီးပါပေါ့။ မနက်ဖြန် ကျရင် လိုက်သူတွေက ပြန်လိုက်ကြပြီး ပြေးသူတွေက ပြန်ပြေးကြဦးစို့ရဲ့ အိုဘယ့် စုံနံ့သာမြိုင်။

■

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# စီးကရက်ခဲထားတဲ့ စုံနံ့သာမြိုင်

(တစ်)

ပုံပြောတဲ့သူတွေကလည်း ပြောသမျှပုံတွေထဲမှာ သူ့ကို ပညာရှိတဲ့။ ကာတွန်းရေးတဲ့သူတွေကလည်း ရေးသမျှကာတွန်းတွေထဲမှာ သူ့ကိုဉာဏ်ကြီးရှင်တဲ့။ မျက်လုံးဝိုင်းဝိုင်းကြီးနဲ့။ နှုတ်သီးချွန်ချွန်ကြီးနဲ့။ တစ်နေ့ခင်းလုံး အိပ်နေတတ်ပြီး ညရောက်တော့မှ ထွက်ပေါ်လာပါပြီ။ သစ်ကိုင်းပေါ်မှာ နားနေလိုက်ပုံများ မိန့်မိန့်ကြီး။ အိန့်အိန့်ကြီး။ ဇီးကွက်တဲ့။

အဲသည့်ဇီးကွက်ငှက်ကြီးက ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းရှိရာ ပျံသန်းရောက်ရှိလာပြီးသည့်သကာလ စုံနံ့သာမြိုင်တောကြီးရဲ့ ရှေ့ရေးကို တိုင်ပင်ဆွေးနွေး၍ လာလေသောအခါကျမှ အမြော်အမြင်ဆိုတဲ့ စကားကို ကျွန်ုပ်က သဘောပေါက်သွားခဲ့ရတာပါ။ ပုံပြင်တွေ၊ ကာတွန်းတွေထဲမှာ သရုပ်ဖော်ထားတဲ့အတိုင်း တကယ့်ကိုပဲ ဉာဏ်နဲ့ပညာကြီးမားပါတဲ့ ဇီးကွက်ပါဗျာ။ စုံနံ့သာမြိုင်ရဲ့ ဆေးလိပ်အန္တရာယ်ဆိုလား။ အဲသဟာကို ဇီးကွက်က ကျွန်ုပ်ကိုခေါ်ပြီးပြတာပါ။ ဘာကြာသေးလို့လဲ။

(နှစ်)

ဇီးကွက်က အကောင်းဆုံးရှုမျှော်ခင်းကတော့ ကျောင်းလွှတ်ချိန်လို့

mgyoe.com

mgyoe.com

ဆိုတဲ့အတွက် ကျွန်ုပ်ကလည်း ကျောင်းလွှတ်ချိန်ကိုပဲ စောင့်၍ငေးမော ကြည့်ရှုခဲ့သူပါ။

တိရစ္ဆာန်စကူးလ်ကနေ ဆင်းချလာလိုက်ကြတဲ့ တိရစ္ဆာန်စတူးဒင့် ကလေးတွေဟာ သူ့အုပ်စုနဲ့သူဆိုတော့ ကြည့်လို့တော့ကောင်းမှကောင်း ပေါ့ မောင်ရယ်။ သိုးကလေးတွေကတစ်အုပ်၊ သမင်ကလေးတွေကတစ် အုပ်၊ ယုန်ကလေးတွေက တစ်အုပ်၊ နွားကလေးတွေက တစ်အုပ်၊ အို... ဖွေးဖွေးကိုလှုပ်ကရော့။

ရုပ်လက္ခဏာဖွဲ့စည်းတည်ဆောက်ပုံအရ တစ်ကောင်နဲ့တစ်ကောင် အရောင်အသွေး၊ အမွေးအမျှင်၊ သွင်ပြင်မူရာ ဘယ်သို့ပင် ကွာခြားဘိကြ စေကာမူ အကုန်လုံးတူနေသည်ကဖြင့် တစ်ချက်ရှိလေသဗျ။

စီးကရက်တွေခဲလို့။ ဟုတ်ပါ့ဗျာရယ်။ စီးကရက်ကိုယ်စီခဲလို့ပါ။ တိရစ္ဆာန်စကူးလ်နေ ဆင်းချလာကြတဲ့ နုနယ်ပျိုမျစ်သူ တိရစ္ဆာန်စတူးဒင့် ကလေးတွေအားလုံးဟာ ၎င်းတို့၏ နှုတ်ခမ်းဖျားကလေးတွေပေါ်မှာ စီး ကရက်တွေကိုခဲလို့ပါ။ အဲသဟာကို ဗီးကွက်ကြီးက ကျွန်ုပ်ကိုခေါ်၍ ပြ ခြင်းသာပါ။

စုံနံ့သာမြိုင်ရဲ့ရှေ့ရေးကို ရင်လေးလှပါဘိဆိုလား။

## (သုံး)

မဝယ်ဘူး
မယ်ခူးတဲ့ဖက်စို။
မီးမကူ
နေပူမှာ
မကင်အားသော်ကြောင့်
ထားရတယ်အိပ်ရာအောက်မှာ
မင်းသောက်ဖို့ကို။
ညှာအနား
ရှေ့သွားနဲ့ကိုက်လို့တို
မချိုတောင့်လိပ်ဆေး။
ပိုးမကူ

mgyoe.com

mgyoe.com

ဇာခြည်ဖြူတစ်ပင်ရစ်ကယ်နဲ့
ငယ်ချစ်မောင်ရွှေဝသွားကို
ပါးလိုက်ရဲ့လေး။

အဲသဟာ စာပေဂန္ထဝင်ထဲမှာပါတဲ့ ဆေးလိပ်ခဲထားတဲ့အကြောင်းပေါ့။ ချစ်သူမောင် သောက်ရှူရန်အလို့ငှာ လုံမပျိုကလေးက ဖက်ကိုကိုယ်တိုင်ခူး။ စန့်စန့်ရန့်ရန့်ရှိစေရန် အလို့ငှာ ဖက်ကိုအိပ်ရာအောက်မှာထားအိပ်၊ ၎င်းဖက်၏ အညှာကို သွားနဲ့ကိုက်၊ ဆေးရွက်ကြီးနဲ့ဆေးရိုးကိုဖက်ထဲထည့်ကာ ဆေးလိပ်ကလေးကိုလိပ်၍ ပြီးပြန်တော့ ချည်မျှင်အဖြူကလေးနဲ့ ဆေးလိပ်ကိုချည်၊ ၎င်းနောက်တွင်မှ အင်းဝကိုသွားမယ့် ချစ်သည်းပွင့်တွက်ကို လက်ဆောင်ပါးလိုက်တယ်ဆိုလား ဘာဆိုလား။ အဲသည့်အနှီကဗျာကလေးကလည်း တိရစ္ဆာန်တို့ရဲ့ ကျောင်းသုံးဘုတ်အုပ်ကလေးထဲ မှာပါသဗျ။

အခု စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်တွေဟာ ဘယ့်နှာသို့ဖြစ်သည်မသိ။ ကြီးကောင်ဝင်မှ၊ ဘာမှရယ်လို့မဟုတ်တော့ဘဲနဲ့ အမွေးအတောင်မစုံမီကတည်းကပင်လျှင် စီးကရက်ကိုယ်စီခဲလို့။

ဂျက်ကွမ်းခြံကုန်းလည်း ရောက်လက်စနဲ့ မထူးတော့ပါဘူးလေ သုံးလေးရက်လောက်တော့ နေသွားဦးမှလို့ဆိုကာ စုံနံ့သာမြိုင်ကို စေ၄ဖို့ရည်ရွယ်လျက် မြင်းကလေးတစ်ကောင်ကို အကူအညီတောင်းပြီးသကာလရဂုံတစ်လွှားကို ကဆုန်သွားခဲ့မိပါကြောင်း။

## (လေး)

တောတွင်းတစ်နေရာရှိ ညောင်ညိုပင်ကြီးအောက်၌ ဖွင့်ထားသည့်ဈေးဆိုင်ကလေးတစ်ဆိုင်။

ယုန်ဖြူဖြူကလေး တစ်ကောင်က ဈေးလာဝယ်သဗျ။ ရောင်းနေတာက ဝက်ဝံမကြီး။ ဝက်ဝံမကြီးက 'ဆိုစမ်း' လို့လည်း ဆိုရော ယုန်ကလေးက မီးသွေးတစ်ပိဿာဆိုတဲ့စကားနဲ့အတူ ငါးရာတန်တစ်ရွက်လှမ်းပေးသဗျ။

အကြွေရှားလို့ထင်ပါရဲ့။ ပိုက်ဆံကိုလည်းမြင်ရော ဝက်ဝံမကြီးကဟောတော့ ငါးရာတန်ကြီးလို့ဆိုပြီး ငါးဆယ်ပြန်အမ်းရမှာကို အမ်းမနေ့

mgyoe.com

mgyoe.com


တော့ဘဲ စီးကရက်တစ်လိပ် လှမ်းပေးလိုက်သဗျ။ ဘာရမလဲ ယုန်ငနဲက လည်း ပါးစပ်မှာတပ်၍ ခဲပစ်လိုက်ကာ ကြိုးတန်းလန်းဆွဲထားတဲ့ မီးခြစ်ကို ဆွဲခြစ်ပစ်လိုက်တော့တာပေါ့။

"အမေရေ...ငါးဆယ်မအမ်းနိုင်လို့ စီးကရက်တစ်လိပ်ပေးတာ.... သားသောက်ပစ်လိုက်ပြီ"

အဲသဟာ အိမ်ပြန်ရောက်တော့ ယုန်ကလေးပြောတဲ့စကားပါ။ ယုန်မကြီးက အေးအေးကောင်းတယ်တဲ့။ အကြွေမအမ်းနိုင်တဲ့အတွက် ကျောင်းနေအရွယ် ယုန်ကလေးကို စီးကရက်ပြန်အမ်းလိုက်တာ ပါးစပ်မှာအသာခဲထားလိုက်တော့ ကိုယ့်ဘက်က မနာတော့ဘူးပေါ့။

နောက်တစ်နေရာကျတော့ ကျောက်ဂူကြီးတစ်ခုရဲ့ အတွင်းဘက်ခပ်ကျကျ။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်။ ဖွင့်ထားတာက ကိုနွားကြီး။ သိုးပေါက်စကလေးတစ်ကောင်က လာဝယ်သဗျ။

"အန်ကယ်နွား

နွားနို့တစ်ခွက် ပါဆယ်"

သိုးကလေးက နှစ်ရာတန်တစ်ရွက်၊ တစ်ရာတန်တစ်ရွက်လှမ်းပေး တော့ ကိုနွားကြီးက ဘွတ်အဲလို့ အာမေဍိတ်တစ်ချက်ပြုပြီး နှာခေါင်းက ပွစိပွစိလုပ်ပါတယ်။

"ငါးဆယ်ပြန်အမ်းဖို့

ခက်ပြန်ပြီ...ရော့ကွာ စီးကရက်တစ်လိပ်" တဲ့။

အကြွေပြဿနာကို ကိုနွားကြီးဖြေရှင်းလိုက်တဲ့ နည်းစနစ်။ ပညာ သား။ သိုးကလေးက ကြည့်ကောင်းလိုက်တာ။ နွားနို့ပါဆယ်ထုပ်ကလေး ကို ဆွဲလို့။ စီးကရက်ကလေးကို ခဲလို့။

ရှည်ပါတယ်ဗျာ။ စကားကိုချုံ့ကြရအောင်ပါ။ စုံနံ့သာမြိုင်တောကြီး တစ်ခုလုံး ဘယ်နေရာမှာမဆို အကြွေအမ်းဖို့ခက်လေတိုင်း စီးကရက် ကလေးတွေကို တစ်လိပ်ပေးလိုက်၊ နှစ်လိပ်ပေးလိုက်နဲ့ ဖြေရှင်းကြတဲ့အခါ တိရစ္ဆာန်ကြီးတွေသာမက တိရစ္ဆာန်ငယ်ကလေးတွေကပါ ကြုံကြရတာ ဆိုတော့ကာ ကောက်ဖွာရင်းဖွာရင်းနဲ့ တိရစ္ဆာန်စကူးလ်က တိရစ္ဆာန်စတူး ဒင့်ကလေးတွေအားလုံး စီးကရက်ကို ခဲကြလေတော့သတည်း ဖြစ်သွား

mgyoe.com

mgyoe.com


ကြရပါကြောင်းဟူလို။

စုံနံ့သာမြိုင်ပညာရှိ ဦးဇီးကွက်က အဲသဟာကို ရင်လေးပြီး ဆရာကြီး ဂျက်ကို ခေါ်ပြရခြင်းဖြစ်ပါလေသတဲ့ဗျာရယ်။

(ငါး)

အမေရိကန်ပြည်ထောင်စုမှာက ပြည်နယ်ငါးဆယ်ရှိတဲ့အနက် ၄၆ ပြည်နယ်မှာ (၁၈) နှစ်အောက်ကို ဆေးလိပ်မရောင်းဘူးဆိုလား။ အလာဘားမားတို့၊ အလက်စကားတို့၊ နယူးဂျာဆီတို့မှာက (၁၉) နှစ်အောက်ကို မရောင်းလေဘူးတဲ့။ အောင်မယ် Under 18 No Tobacco ဆိုလား။ I Can't Sell, You Can't Buy ဆိုလား။ မရောင်းနိုင်ဘူး မဝယ်နိုင်ဘူးတဲ့။ Please Have You ID Ready တဲ့။ မင်းရဲ့မှတ်ပုံတင်ကတ်ကို အသင့်ဆောင်ထားပါဆိုလား။ စီးကရက်ဝင်ဝယ်တဲ့ကလေးကို အသက်စစ်ဖို့တဲ့။

ထိုင်းမှာက (၁၈) နှစ်၊ ဖိလစ်ပိုင်မှာက (၁၈) နှစ်၊ မလေးရှားမှာက (၁၈) နှစ်၊ တောင်ကိုရီးယားမှာက (၁၉) နှစ်တဲ့။ ဩော်...စီးကရက်ကို အသက်နဲ့ကန့်သတ်ထားလေသတဲ့ဗျာရယ်။ ဝယ်ချင်တိုင်းတောင် ဝင်ဝယ်လို့မရတဲ့ဘဝ။ ဩော်...လူဆန်သူတို့ လောကပေကိုး။

ခု ကြည့်စမ်း။ စုံနံ့သာမြိုင်မှာက ပိုက်ဆံမအမ်းနိုင်တာကို စီးကရက်ပြန်အမ်းလေသတဲ့။ ဒါကြောင့် တိရစ္ဆာန်ပေါက်စကလေးတွေ စီးကရက်နဲ့ယဉ်ပါးကာ ကိုယ်စီပါးစပ်မှာခဲလို့။ စီမံခန့်ခွဲပုံကောင်းလိုက်တာ။ အမြော်အမြင်ကြီးလိုက်တာ။ ဇီးကွက်ကြီးက ဒါကို ခေါ်ပြတာ။

အေးဗျာ...စီးကရက်ကလေးတွေလောက်ပဲ ပြန်ပြန်အမ်းနေတာ တော်ပါသေးရဲ့။ မတော်အရက်များ ပြန်အမ်းနေမှဖြင့်။ အကြွေအမ်းစရာမရှိ လိုက်တစ်ပက်တိုက်လိုက်၊ နှစ်ပက်တိုက်လိုက်၊ သုံးပက်တိုက်လိုက်။


ဆင်ပေါက်ကလေးလည်းမူး၊ မြင်းပေါက်ကလေးလည်းမူး။ သမင်ပေါက်ကလေးလည်းမူး။ ယုန်ပေါက်ကလေးလည်းမူး။ စုံနံ့သာမြိုင် ချာချာလည်အောင် ရှုးရချည်ရဲ့ဗျာရယ်။ ။

■

mgyoe.com

mgyoe.com

# သေချင်တော့ သိရချောက်
# ကြိုးကိုင်မြောင်း



mgyoe.com

mgyoe.com

# သချင်တဲ့တိရစ္ဆာန် မြို့ကိုပြောင်း

## (တစ်)

"တောမြေ၊ မကျူးကျော်ရ" ဆိုပါ့ကလား။ ကြည့်စမ်းပါဦး ဇရာမဆိုင်းဘုတ်ကြီး။ ဟီးနေတာပဲ။ ဂျက်ကွမ်းခြံကုန်းကို လိုက်ပြတဲ့မျောက်ကလေးတစ်ကောင်သာမကတော့ဘဲ မျောက်ဖင်နီတွေရော၊ မျောက်လွှဲကျော်တွေရော၊ မျောက်မျက်ကွင်းညိုတွေရော၊ မျောက်ဝံတွေရော၊ မျောက်ဖြူတွေ ရော ဂျက်ကွမ်းခြံကုန်းနားမှာ ဝိုင်းအုံပြီး ရှိနေကြတာ။ မျောက်မျိုးကို စုံပါရော။ ဂျက်စိုက်ကြည့်နေတဲ့ ဆိုင်းဘုတ်ကြီးကို မျောက်မျိုးစုံကလည်း ဝိုင်းအုံကြည့်လို့။ မျောက်တွေတစ်ကောင်မှ မျက်နှာမကောင်းကြရှာဘူး။

အေးလေဗျာ။ တောတို့ရဲ့သမိုင်းမှာ တော်တော့်ကိုရိုင်းတဲ့ သမိုင်းပါပဲ။ "တောမြေ မကျူးကျော်ရ" ဆိုတော့။ ဟိမဝန္တာတောကြီးထဲမှာလည်း သည်ဆိုင်းဘုတ်မျိုး မတင်ဖူးကြပါဘူး။ အမေဇုန်တောကြီးထဲမှာလည်း သည်ဆိုင်းဘုတ်မျိုး မတင်ဖူးကြပါဘူး။ လုမ္ဗနီသာမော အင်ကြင်းတောကြီးထဲမှာလည်း သည်ဆိုင်းဘုတ်မျိုး မတင်ဖူးကြပါဘူး။ တောပဲဗျာ။ တောမှာပေါက်၊ တောမှာဖွား တောသား၊ တောသူသတ္တဝါဟူသမျှ ဝေနေယျတွေအနေနဲ့ တောကိုပဲ အမှီသဟဲပြုကာ သူ့အသက်ကို သူတို့မွေးကြရစမြဲ

mgyoe.com

mgyoe.com

မဟုတ်လား။ တောထဲက အသီးကိုစားမယ်။ တောထဲက ရေကိုသောက်မယ်။ တောထဲက အပင်မှာနားမယ်။ တောထဲကဂူမှာအိပ်မယ်။ သဘာဝရဲ့ရင်သွေးလေးကို သဘာဝကပဲ ပိုက်ထွေးရစမြဲမဟုတ်လား။

ခုတော့ လုပ်ချလိုက်ပြန်ပါရောလား။ ရပ်ကျော်ရွာကျော် စုံနံ့သာမြိုင်။ "တောမြေ မကျူးကျော်ရ" တဲ့ အရပ်ကတို့ရေ။

(နှစ်)

အဲသည့်ဆိုင်းဘုတ်ကြီးကို ထောင်ထားတာက ငှက်ပျောတောကြီးထဲမှာဗျ။ မျောက်တွေက ဂျက်ကိုခေါ်ပြတာ။

"အနို့...နေပါဦး၊ သည်ဆိုင်းဘုတ်ကြီးကို အဘယ်သူက လာထောင်တာတုံး"

"ကျားတွေဗျ။ လေးငါးဆယ်ကောင် လောက်ရှိမယ်။ ကျုပ်က ဟောဟိုညောင်မုတ်ဆိတ်ပင်ကြီးပေါ်ကနေ အသာကြည့်နေတာ"

မြို့ကို အရောက်အပေါက်များပုံရတဲ့မျောက်က ဂျက်ကိုရှင်းပြတာပါ။ သီးမွှေးတွေရော၊ ခွံဝါတွေရော၊ ဖီးကြမ်းတွေရော၊ ရခိုင်တွေရော၊ ရွှေငှက်ပျောတွေရော မျိုးစုံအောင် သီးနေတဲ့ငှက်ပျောတောကြီးဟာ "တောမြေ မကျူးကျော်ရ" ဆိုတဲ့ ဆိုင်းဘုတ်ကြီးလာထောင်လိုက်တော့ မျောက်တွေ ငှက်ပျောသီးခူးစားဖို့ ခက်သွားပုံရပါတယ်။

"ဆိုင်းဘုတ်မကလို့ ဆိုင်းဘုတ်အဖေပဲ ထောင်ထောင်ဗျာ။ စွတ်ဝင်ခူးစားပါလား"

ဂျက်ကွမ်းခြံကုန်းက လူမိုက်စကားပြောမိတာပါ။ မျောက်မျက်ကွင်းညိုကြီးတစ်ကောင် ဂျက်အပါးကို အသာအယာကပ်လာပြီး တိုးတိုးပြောတာက မဖြစ်ဘူးဆိုလား။ ခွေးအ တွေကို အစောင့်ချထားတယ်ဆိုလား။ ငှက်ပျောသီးဝင်ခူးစားတဲ့ မျောက်ကလေးနှစ်ကောင် ခွေးအတွေရဲ့ ပါးစပ်ထဲ ရောက်သွားတယ်ဆိုလား။ တစ်သက်လုံး ငှက်ပျောသီးခူးစားလာခဲ့ကြတဲ့ မျောက်မျိုးစုံတို့ "တောမြေ၊ မကျူးကျော်ရ" ဆိုင်းဘုတ်ရဲ့အောက်မှာ စားကျက်ဆုံးရှုံးခဲ့ရချေပြီ။

တောရဲ့ဦးသျှောင် မြေခွေးမောင်ကို မေးမြန်းသမှုပြုကြည့်ရဦးမှလို့ ဂျက်ကွမ်းခြံကုန်း ဆုံးဖြတ်ချက်ချလိုက်မိတာ မမှားဘူးလို့ ထင်တာပါပဲ။

mgyoe.com

mgyoe.com

(သုံး)

စုံနံ့သာမြိုင်ရဲ့ ဦးသျှောင်မြေခွေးမောင်က ဂျက်ကို ဝိစကီအကောင်းစားနဲ့ ဧည့်ခံပါတယ်။ အသားခြောက်တွေကတော့ များလွန်းလို့ ဘာခြောက်တွေမှန်းကို မသိလောက်အောင်ပါ။ အမဲအူစုံသည်းစုံပေါ်မှာက ရှောက်ရွက်စိမ်းစိမ်းကလေးတွေနဲ့။

"တောမြေမကျူးကျော်ရဆိုတာကလေး လင်းပါဦး ဦးသျှောင်မြေခွေးရဲ့"

ဂျက်ကအဲသည်လို မေးတော့မှ မြေခွေးက စိတ်အေးလက်အေး အဖြေပေးတာပါ။ မြေခွေးရဲ့ စတုတ္ထမယားရဲ့ ဦးလေးဘက်က တူတစ်ယောက်က လူတို့ရပ်ရွာက ငှက်ပျောကုန်သည်တစ်ယောက်နဲ့ ဆက်မိတယ်ဆို လား။ အဲသည်မှာတွင် အရောင်းအဝယ်စကားပြောဖြစ်ကြရာက စုံနံ့သာမြိုင်တောထဲက ငှက်ပျောသီးတွေကို အကုန်လုံးသိမ်းကျုံးဝယ်ချင်တယ် ဖြစ်လာပါလေရော။ နိဂုံးကို အမြန်ချုပ်ရရင် တောရဲ့ဦးသျှောင်မြေခွေးမောင်က သူ့ကိုယ်ရံတော်ကျားတွေ ခွေးအတွေကို တာဝန်ပေးပြီး စုံနံ့သာမြိုင်တောထဲက ငှက်ပျောတောမှန်သမျှကို "တောမြေ၊ မကျူးကျော်ရ" လုပ်ခဲ့လိုက်ကြောင်းဟူလို။

(လေး)

ဂျက်ကွမ်းခြံကုန်းက "တောမြေ၊ မကျူးကျော်ရ" ဆိုတာကို စုံနံ့သာမြိုင်ထဲက ငှက်ပျောတောတွေထဲမှာပဲ ဆိုင်းဘုတ်ထောင်ထားတယ် ထင်နေတာ။ နောက်နည်းနည်းလေးကြာလာတော့မှ ဘယ်ဟုတ်လို့တုံး။

ဆင်ကြီးတွေကလည်း ကျုပ်ကိုခေါ်ပြလာပါတယ်။ ကြံခင်းကြီးတစ်ခင်း။ 'တောမြေ၊ မကျူးကျော်ရ' တဲ့။ ဆင်ကြီးတွေ ကြံစုပ်ဖို့ခက်ပါပေါ့။ သမင်ကလေးတွေကလည်း ဂျက်ကို ခေါ်ပြလာပါတယ်။ မြရောင်စိမ်းနေတဲ့ မြက်ခင်းကြီးတစ်ခင်း။ 'တောမြေ၊ မကျူးကျော်ရ' ပါပဲ။ သမင်ကလေးတွေ မြက်နုလွှာ ဘယ့်နှာစားရပါ့။ ပုတတ်ကလေးတွေကလည်း ဂျက်ကို ခေါ်ပြလာပါတယ်။ မြေတလင်းကျယ်ကြီးတစ်ခု။ 'တောမြေ၊ မကျူး ကျော်ရ' ပါပဲ။ ပုတတ်ကလေးတွေ ပုတတ်စာ ဘယ်လိုစားရပါ့။ ငှက်ကလေးတွေကလည်း ဂျက်ကိုခေါ်ပြလာပါတယ်။ အလေ့ကျပေါက်နေတဲ့

mgyoe.com

mgyoe.com

ဂျုံခင်းကြီးတစ်ခင်း။ 'တောမြေ၊ မကျူးကျော်ရ' ပါပဲ။ ငှက်ကလေးတွေ ဂျုံစေ့ဘယ်နှာကောက်ယူရပ့်။ ခြေတံရှည် ဗျိုင်းကြီးကလည်း ဂျက်ကို ခေါ်ပြလာပါသဗျ။ ရေစပ်စပ်နဲ့ လယ်ကွင်းတစ်ကွင်း။ 'တောမြေ၊ မကျူး ကျော်ရ' ပါပဲ။ ဗျိုင်းငှက်တွေ ငါးနဲ့ပုစွန်ကို ဘယ်လိုကောက်ယူရပ့်။

တောသတ္တဝါတို့ မှီတင်းနေထိုင်ရာ စုံနံ့သာမြိုင်တောကြီးထဲမှာ တော သတ္တဝါစစ်စစ်ကလေးတွေကို 'တောမြေ၊ မကျူးကျော်ရ' ဆိုပြီး ဘာကြောင့် ထားရတာတုံးလို့မေးတော့ တောရဲ့ဦးသျှောင် မြေခွေးမောင်နဲ့ ပတ်သက် ဆက်နွှယ်ရာရာ ကျားတွေ၊ ကျားသစ်တွေ၊ ခြသေ့်တွေ၊ ဝံပုလွေတွေရဲ့ ဆွေတော်ရစ်သောင်း မျိုးတော်ပေါင်းတို့ စူပါမားကတ်ဆောက်ဖို့၊ အဆင့် မြင့်အိမ်ရာတည်ထောင်ဖို့၊ ဟိုတယ်ဆောက်ဖို့၊ စိုက်ပျိုးရေးလုပ်ဖို့၊ မွေးမြူ ရေးလုပ်ဖို့၊ တိရစ္ဆာန်သင်တန်းကျောင်းဖွင့်ဖို့ဆိုသည်များကို ဂျက် ကြား သိခဲ့ရပါသော်ကောဗျာ။

တောရဲ့ဦးသျှောင်မြေခွေးမောင်ကို ဂျက်ကွမ်းခြံကုန်းက မေးရသဗျ။ 'တောမြေ၊ မကျူးကျော်ရ' ဆိုတော့ တောကိုမှီခိုပြီး အသက်ရှင်ရရှာတဲ့ သတ္တဝါကလေးတွေ ဘယ်နှာသို့ လုပ်ကြရမတုံးဗျာလို့။ ဖြေတယ်ဗျ။ တောရဲ့ ဦးသျှောင်ကြီးက။

မြို့ကိုတက်ပြီး လုပ်စားကြပေါ့ဗျာတဲ့။ ဆင်ကြီးတွေက အနှိပ်ခန်းဖွင့် ပေါ့တဲ့။ မျောက်တွေက ဖြူတီပါလာ ဖွင့်ပေါ့တဲ့။ ယုန်ကလေးတွေက ဝက်သားတုတ်ထိုးရောင်းပေါ့တဲ့။ ကင်းခြေများတွေက ဆိုက်ကားဝင်နင်း ပေါ့တဲ့။ ဖီးကွက်တွေက မျက်မှန်ဆိုင်ဖွင့်ပေါ့တဲ့။ သာလိကာတွေက အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်ပေါ့တဲ့။ ပုတ်သင်ညိုတွေက အစည်းအဝေး တက်ပြီး လုပ်စားပေါ့တဲ့။

မြေခွေးပြောတဲ့အတိုင်းဆိုရင်ဖြင့် တိရစ္ဆာန်တွေအကုန်လုံး စုံနံ့သာ မြိုင်ကိုစွန့်ကာ မြို့ကိုတက်ပြီး လုပ်စားကြရမယ့်ပုံပေါ့။

အေးလေ။ 'တောမြေ၊ မကျူးကျော်ရ' ဆိုတော့လည်း မြို့ကိုတက် ကြည့်ချင်ကြည့်ကြဦးပေါ့။ ငတ်တာ၊ မငတ်တာက နောက်ပိုင်းကိစ္စ။ ။

■

mgyoe.com

mgyoe.com

# ဟတ်စဒိုထဲမှ မြွေဒွေးကို ထားရစ်ခဲ့



mgyoe.com

mgyoe.com

# ဟစ်စတီထဲမှာ မြေခွေးကိုထားရစ်ခဲ့

(တစ်)

တစ်ည၊ လထိန်ထိန်သာနေတုန်း မြေခွေးနဲ့သူ့အပေါင်းအသင်းရောင်းရင်းတချို့ ဂျက်ကွမ်းခြံကုန်းကိုညှော်ခံရင်း စကားဝိုင်းဖွဲ့ကြစဉ် မြေခွေးမေးချလိုက်တဲ့ မေးခွန်းကိုများ စာဖတ်သူတွေ ကြားသွားရင် ဘယ်လောက်များ အံ့သြသွားကြလေမလဲမပြောတတ်ဘူး။

"ဆရာကြီးဂျက် ယဉ်ကျေးတဲ့သတ္တဝါတွေမှာ သမိုင်းတို့၊ ရာဇဝင်တို့ ရှိရတယ်ဆို" တဲ့။

ကဲ...ခင်ဗျားတို့ မအံ့သြသွားဘူးလား။ ဖြေလေ။ ခွေးပါးစပ်ကနတ်စကားထွက်တယ်ဆိုတာ ဒါမျိုးများပြောလေရော့သလား မဆိုနိုင်ပါဘူး။ မြေခွေးဖြစ်ပြီး သမိုင်းတွေ၊ ရာဇဝင်တွေလုပ်လို့။ ဂျက်ကလည်း တိုတိုပဲ ဖြေပစ်ခဲ့တာပါ။ ဟုတ်တယ်လို့ တကယ့်ကိုတိုတိုလေး။

ဟုတ်တယ်လေ။ ကျုပ်တို့လူတွေမှာက သမိုင်းနဲ့ဘာနဲ့ မဟုတ်ဘူး လား။ တချို့ကတော့ သမိုင်းတို့ဘာတို့ကို သိပ်ပြီးအယုံအကြည်မရှိလှ တာမျိုးတွေ ဘာတွေလည်း ရှိချင်ရှိတတ်ကြမှာပေါ့။ ပမာဆိုရရင် ဂျက် ကွမ်းခြံကုန်းရဲ့ မိတ်ဆွေစာရေးဆရာကြီး မောင်သာရပေါ့။ ဆရာက ဖြစ် ခဲ့တာဟာ

mgyoe.com

mgyoe.com

ဖြစ်ခဲ့တာပဲပေါ့ဆိုတဲ့သဘော အတိတ်ဟာအတိတ်ပါပဲဆိုတဲ့ သဘောပြောဖူးသဗျ။ အဲသဟာကို ပစ္စုပ္ပန်ကိုသယ်ဆောင်လာတော့ ဘဇာများအကျိုးထူးမှာတုံးဆိုတဲ့သဘော။

ဆရာကြီးဒေါက်တာသန်းထွန်းကတော့ မအ,အောင်လို့သမိုင်းကို သင်ရပါတယ်လို့ ဆိုသဗျ။ အတိတ်ကအမှားတွေ အမှန်တွေ၊ အဆိုးတွေ၊ အကောင်းတွေကို ငုံ့စောင်းစိစစ်သုံးသပ်ဝေဖန်။ ၎င်းနောက်ပစ္စုပ္ပန်၌ ရှောင်တန်သည်ကိုရှောင်၍ ဆောင်တန်သည်ကိုဆောင်ရန် သမိုင်းကို သင်အံကြရန်လိုသည်ဟူသတတ်။

လူအမျိုးမျိုးစိတ်အထွေထွေလို့ဆိုသလို သမိုင်းကိုလိုအပ်ပါတယ်လို့ ယူဆသူလည်းရှိ၊ မယူဆသူလည်းရှိပေသည့် ဟောသည့် အမိမဟာ ကမ္ဘာမြေကြီးပေါ်ဝယ် အရေးကြီးတာက သမိုင်းကို ဘယ်သူတွေက ရေးကြမှာတဲ့တုံးဗျာရယ်။

နိုင်ငံရေးသမားကြီးတစ်ယောက်ကတော့ သမိုင်းဆိုတာ နိုင်တဲ့ကောင်ကရေးတာဟ မောင်ရတဲ့။ ဟုတ်တုတ်တုတ်အဆို အမိန့်ပါပဲ။ အခုပဲကြည့်လေ။ လောလောဆယ်ဆယ် စုံနံ့သာမြိုင်တောကြီးကို စိုးမိုးအုပ်ချုပ်မင်းလုပ်ခွင့်ရနေပေသော မြေခွေးက ရာဇဝင်သမိုင်းဘုတ်အုပ်တွေအကြောင်း ဂျက်ကွမ်းခြံကုန်းကို မေးလားမြန်းလားလုပ်လို့။ ယဉ်ကျေးတဲ့သတ္တဝါတွေမှာ သမိုင်းရာဇဝင်ဆိုတာ ရှိရတယ်ဆိုတာ ဟုတ်သလားဘာလားနဲ့။ အဲဒါကို ဂျက်က ဟုတ်တယ်လို့ ဖြေပစ်ခဲ့ရတဲ့ညပါ။

မြေခွေး 'တွေတွေ' ကြီးဖြစ်သွားသဗျ။ သူ့နားမှာ ဝန်းရံခနေတဲ့ ကျားတို့၊ ကျားသစ်တို့၊ ခြင်္သေ့တို့၊ မိချောင်းတို့ဘက်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ငိုင်သွားတာများ အကြာကြီးမှ အကြာကြီးပါဗျာ။ အဲ…အဲသည့်ညကို လွန်မြောက်သွားပြီး နောက်သုံးလေးရက်လောက်လည်းကြာရော ဂျက်ကို မြေခွေးက တန်းခေါ်တော့တာပါပဲ။

(နှစ်)

ဂျက်က ကျုပ်တို့ဆီမှာတော့ 'ရာဇဝင်ကျော်' ဆိုတဲ့ ဘုတ်အုပ်ရှိသဗျလို့ မြေခွေးကိုစပြီး ပြောရပါတယ်။ ဟုတ်တယ်လေ။ ရှင်မဟာသီလဝံသဆိုတဲ့ အင်းဝခေတ်က ဘုန်းဘုန်းရေးခဲ့တဲ့ စာအုပ်ပဲဟာ။ နောက်တော့

mgyoe.com

mgyoe.com


သူဌေးသားဦးကုလားဆိုတာရေးတဲ့ 'ဦးကုလားမဟာရာဇဝင်ကြီး' ဆိုတာ။ နောက်တော့ စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်းတရားလက်ထက် လူပညာရှိ၊ ရဟန်းပညာရှိ ၁၃ ယောက်ကို မှန်နန်းဆောင်ထဲခေါ်ပြီး ပြုစုရေးသားခိုင်းတဲ့ 'မှန်နန်းရာဇဝင်' ဆိုတာ။ နောက်တော့ တွင်းသင်းတိုက်ဝန်မဟာစည်သူဦးထွန်းညိုရေးတဲ့ 'တွင်းသင်း၊ မြန်မာရာဇဝင်သစ်' ဆိုတာ။ နောက်တော့ ဦးမောင်မောင်တင်ရေးတဲ့ 'ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး' ဆိုတာ။ နောက်တော့ ဗန်းမော်တင်အောင်ရဲ့ 'ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း' ဆိုတာ။ နောက်တော့ ဒေါက်တာသန်းထွန်းတွေရော၊ ဒေါက်တာကျော်သက်တွေရော၊ ဒေါက်တာထင်အောင်တွေရော၊ ဒေါက်တာတိုးလှတွေရော အိုဗျာ ဦးဖိုးကျားမကျန် မော်ဘီဆရာသိန်းကြီးမကြွင်း သမိုင်းဘုတ်အုပ်ရှင်းလင်းပွဲကြီးလုပ်ထည့်လိုက်တာ မြေခွေးတော်တော့ကို ငိုင်ကျသွားတယ်။

'အေးလေ စုံနံ့သာမြိုင်ဟာ တောဟုဆိုသော်လည်း အညတရတော...သာမညတော...အနုပ်စုတ်ကုပ်စုတ်တော မဟုတ်ကြောင်းတော့ ပြရပေမှာပေါ့...ဘာတဲ့၊ ဟိုသီချင်းကလေး...ရာဇဝင်အတ္ထုပ္ပတ္တိလည်းရှိရမယ် မော်ကွန်းလည်းထိုးလောက်တယ်...မြင့်မြတ်တဲ့...စုံနံ့သာမြိုင်တောကွယ် ငှယ်ငှယ်ဆိုတာမျိုးပေါ့'

တိရစ္ဆာန်အပေါင်းတို့ မှီတင်းစားသောက်နေထိုင်ကြရာ စုံနံ့သာမြိုင်တောကြီးဟာဖြင့် နေချင့်စဖွယ် အန္တရာယ်မရှိ၊ ပကတိငြိမ်းချမ်းစိမ်းလန်းဝေဆာ နန်းဆန်တဲ့မြိုင်ကြီးဖြစ်ပါကြောင်းကို ပေါ်လွင်အောင်လို့ ဟစ်စထွီအော့ဖ်စုံနံ့သာမြိုင် (History of Jungle) ဆိုတဲ့နာမည်နဲ့ သမိုင်းဘုတ်အုပ်တစ်အုပ် ရေးသားထုတ်လုပ်ရန် မြေခွေးက ဆုံးဖြတ်လိုက်ပုံရပါတယ်။

'အဖွဲ့လေးဖွဲ့လိုက်၊ အဖွဲ့ကလေးဖွဲ့လိုက် ဇီးကွက်တို့၊ ယုန်တို့လည်း ပါပလေ့စေ၊ အကောင်စုံတော့ ဘုတ်အုပ်မြန်မြန်ပြီးတာပေါ့။ ဆရာကြီးဂျက်ကတော့ အခေါင်အချုပ်အဖြစ် ကြီးကြပ်ပေးရမှာပဗျာရယ်'

သို့ကလို အနို့ကလိုလို့ပဲ ဆိုလိုက်ကြပါစို့ရဲ့။ ဟစ်စထွီအော့ဖ် စုံနံ့သာမြိုင် (History of Jungle) ကို အမြန်ရေးစေလို့လည်းဆိုရော အဖွဲ့ထဲပါတဲ့ အကောင်တွေ အမြီးပါသူရော၊ အမြီးမပါသူတွေပါ ရေးလိုက်

mgyoe.com

ကြစမ်းဆိုတာ ပိုးစုန်းကြူးတွေနဲ့တောင် စကားများကြရတယ်ဆိုပဲ့လား။ ညဘက်မှာ မီးသိပ်မပေးနိုင်တော့လို့။

(သုံး)

တိုတိုပြောရရင် စုံနံ့သာမြိုင် သမိုင်းဘုတ်အုပ်ကြီးကို အကြမ်းရေးပြီးကြတော့ ဂျက်နဲ့မြေခွေးနှစ်ယောက်တည်း ဆွေးနွေးဖြစ်ကြသဗျ။

"နှောင်းတန်ခူးလပြည့်ကျော်ငါးရက်၊ ကြာသပတေးနေ့၌ မြေခွေးမင်းနန်းတက်ရာ အောင်ပွဲကျင်းပရန်အတွက် ယုန်အကောင်နှစ်ရာကို ဆင့်ခေါ်ကာ သတ်ဖြတ်ပြီး အောင်သေအောင်သားစားသောက်ကြသည်ဆိုတဲ့ အချက်အလက်ကို ကျွန်ုပ်မကြိုက်ဘူးဂျက်ရာ။ ဖြုတ်ထားလိုက်ပါ" တဲ့။

"နယုန်လဆန်းလျှင်ဆန်းချင်း ပုရွက်ဆိတ်ကောင်ရေ ခြောက်ထောင်ဝန်းကျင်ခန့်တို့ အသိုက်အအုံပြောင်းရန်လမ်းကို ဖြတ်ကူးကြစဉ် ဆင်ကြီးဇနီးမောင်နှံက တက်နင်းကြရာ ပုရွက်ဆိတ်အားလုံးနီးပါး သေဆုံးကုန်ကြသဖြင့် နောင်အခါ ဆင်ကြီးများလာလျှင် လမ်းဖြတ်ကူးပါက ပုရွက်ဆိတ်များကို တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ခတ်မည်ဖြစ်ကြောင်း ဥပဒေတစ်ရပ်ကို မြေခွေးမင်းက ထုတ်ပြန်သည်တဲ့။ အဲဒါသမိုင်းထဲ မထည့်နဲ့လေ ဂျက်ရဲ့" တဲ့။

"ညောင်မှတ်ဆိတ်ပင်ကြီးနှစ်ပင်၊ မဟော်ဂနီပင်ကြီးတစ်ပင်နှင့် ပိန္နဲပင်ခြောက်ပင်တို့ကို ခုတ်လှဲပစ်သဖြင့် ခိုလှုံရာမဲ့၍ မကျေမနပ်ပြောဆိုလာကြသော ကြက်တူရွေးမိသားစုသုံးစုကို နှုတ်သီးများဖြတ်ပစ်ရန် အမိန့်ချမှတ်ပြီး တပေါင်းလပြည့်နေ့မှစတင်၍ နောက်နောင် ကြက်တူရွေးများ ဝိုင်းဖွဲ့စကားဆိုနေခြင်းကို ခွင့်မပြုကြောင်း စုံနံ့သာမြိုင် ဦးသျှောင်အဖွဲ့ က အမိန့်ထုတ်သည်ဆိုပဲ့လား...အဲသည့်အချက်အလက်ပါလို့ ဘယ်နှာမှ မဖြစ်ပါဘူးဆရာကြီးဂျက်ရယ်...ဖြုတ်ပစ်စမ်းပါ" တဲ့။

"ထိုနှစ်ပြာသိုတစ်လလုံး မြေခွေးမင်းတော၏ဦးသျှောင်ဖြစ်ခြင်းအထိမ်းအမှတ်ပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပရာ အိမ်ကြက်ချင်းအိုးမည်းသုတ်၍ ခွပ်ပွဲများ၊ ဝက်စားကျင်းကော်အမြန် ပြိုင်ပွဲများ၊ သားရေပေါ်အိပ်၊ သားရေနားစားစွမ်းရည်ပြပွဲများ၊ ဆင်ဖြူတော်မှီ၍ကြံစုပ်သည့် ပြိုင်ပွဲများတို့ဖြင့် အထူးစည်ကားပေသည်တဲ့လား ဖြုတ်ထားလိုက်ပါ ဂျက်ဆရာရဲ့" တဲ့။

mgyoe.com

mgyoe.com


"စုံနံ့သာမြိုင်ဦးသျှောင်ရွေးချယ်ရန် တစ်လအလိုက ပါဝင်အရွေးခံမည့်ဆင်ကြီးသည် တောစပ်တွင် မြေခွေးတို့အုပ်စုဖွဲ့ကိုက်သတ်ထားသည့် သွားရာများဖြင့် သေဆုံးနေခဲ့သည်ဆိုတာကြီးကတော့ ထည့်ကိုမရေးသင့်တဲ့ အချက်ပါဗျာ" တဲ့။

ဂျက်လည်း စိတ်ကုန်သွားသဗျ။ တောဆိုပေမယ့် သမိုင်းနဲ့၊ ရာဇဝင်နဲ့လို့လုပ်ချင်တဲ့ မြေခွေးက ဟစ်စထွီအော့ဖ်စုံနံ့သာမြိုင် (History of Jungle) ကို ရေးခိုင်းပြီး သူမထည့်စေချင်တဲ့အချက်အလက်တွေကကျ တော့ ဗရုပ္ပဖြစ်လို့။ ဖြုတ်လို့ရတာ အကုန်ဖြုတ်တဲ့ သူက ဂျက်ကိုလွမ်းဖို့ကောင်းအောင် ပြင်ပေးစမ်းပါဆိုလား။ ခက်လိုက်တာ။

သမိုင်းဘုတ်အုပ်ဆိုတာ မှန်အောင်ရေးရတာဟဲ့လို့ မြေခွေးကို ဘယ်လိုပြောရမှန်း ဂျက်မသိတော့။ မြေခွေးဆိုတဲ့နာမည်ကိုပါ ဖြုတ်ပြီးရေးလိုက်ရင်ဖြင့် စုံနံ့သာမြိုင်သမိုင်းဟာ ဖတ်လို့ကောင်းသွားလေမလား မပြောတတ်ပါဘူး။ အင်းလေ သူကလည်း သူ့နာမည်ကိုဖြုတ်ပစ်ဖို့ သဘောတူပါဦးမှ။ အခုအတိုင်းကြီးကတော့ ဘယ်လိုမှ ဖတ်လို့မကောင်းဘူးဆိုတာ တစ်တောလုံးအသိ။


**(ဖော်ပြပါ သရော်စာသည် စာရေးသူ ဂျက်ကွမ်းခြံကုန်း၏ အာဘော်သာဖြစ်ပါသည်)**

■

mgyoe.com

mgyoe.com

# ကြောပါးစပ်နဲ့ တောပတ်
# တွေ့ကြသောအခါ



mgyoe.com